ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူများ၏ လူ့အခွင့်အရေးကို မြှင့်တင်စောင့်ရှောက်ပေးကြစို့

AZEECON

နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၆
LWF မြန်မာစီမံကိန်း

THE LUTHERAN WORLD FEDERATION

actalliance

ဆင်းရဲနွမ်းပါးသူများနှင့်
ထိခိုက်ခံစားလွယ်သူများ၏ လူ့အခွင့်အရေးကို
မြှင့်တင်စောင့်ရှောက်ပေးကြစို့

လူသရမ်ဝေါလ်ဖက်ဒရေးရှင်း – ကမ္ဘာလုံးဆိုင်ရာအကူအညီပေးရေးဌာန

၁၅၀၊ ရုပ်ဒီဖာနီ၊ စာတိုက်သေတ္တာအမှတ် (၂၁၀၀)
စီအိပ်ချ် ၁၂၁၁ ဂျီနီဗာ ၊ဆွစ်ဇာလန်
အီးမေးလ် : info@lutheranworld.org
ဝက်ဆိုဒ် : www.lutheranworld.org
ACTAlliance: http://www.actalliance.org

လူသရမ်ဝေါလ် ဖက်ဒရေးရှင်း မြန်မာ

အမှတ် (၄၄)၊ ပြည်လမ်း၊ ဘီရှော့ဟုမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၇၉၃၁၃၃၇၁၊ ၀၉ ၇၉၃၁၃၃၇၂၊ ၀၁ ၃၇၈၀၇၈
ဖက်စ် – ၀၁ ၃၇၈၀၇၈
အီးမေးလ် : info.lwf.mmr@gmail.com
ဝက်ဆိုဒ် : https://myanmar.lutheranworld.org/
AZEECON: www.azeecon.org

ထုတ်လုပ်ရေးညှိနှိုင်းရေးမှူး

အိုက်ဇက်ကျော်ထွန်းလှ (ပြန်ကြားဆက်သွယ်ရေးအရာရှိ)

ရေးသားသူများ

အိုက်ဇက်ကျော်ထွန်းလှ၊ ဖရန်ဆက်ဇ်ကာ ပီ ထရက်လီယာ၊
စောအားခီချယ်

စီစစ်ရေးနှင့် တည်းဖြတ်ရေး

ဒေးဗစ် အိချ် မြူလာ

ဒီဇိုင်းနှင့် အပြင်ဆင်

စောနေဝင်းထွန်း

© 2016 The Lutheran World Federation – Myanmar Program
All rights reserved.

မာတိကာ

အမှာစကား ၂
LWF ကမ္ဘာလုံးဆိုင်ရာလူမှုအကူအညီပေးရေးအဖွဲ့အကြောင်း ၃
လူသရမ်ဝေါလ် ဖက်ဒရေးရှင်းမြန်မာစီမံကိန်းအကြောင်း (LWF မြန်မာ) ၄
ကျွန်ပ်တို့၏ မဟာဗျူဟာ နည်းလမ်းများ ၆
LWF မြန်မာအကြောင်း တစ်စုတစောင်း ၈
၂၀၁၆ ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာ ၉
မြန်မာနိုင်ငံအတွင်း လူအခွင့်အရေးအတွက် တိုးမြှင့်လုပ်ဆောင်ခြင်း ၁၀
ရပ်ရွာလူထုဦးဆောင်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်း ၁၂
ရေရှည်တည်တံ့သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ခြင်း ၁၆
ဝ ဥ စိုက်ပျိုးခြင်း ၁၈
ကျေးရွာအခြေပြုကျန်းမာရေးစောင့်ရှောက်ရေးဝန်ထမ်းဖြင့်ရပ်ရွာလူထု၏
ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားမြှင့်တင်ဆောင်ရွက်ခြင်း ၁၉
အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်စီမံမှုများတွင် အစိုးရဌာနနှင့်
ပူးပေါင်းဆောင်ရွက်ခြင်း ၂၀
ရခိုင်တွင်ရေကြီးမှုဖြစ်ပွားပြီးနောက် ကျောင်းသားနှင့်ဆရာများ
ပညာရေးဆက်လက်သင်ကြားနိုင်ရေးအတွက် ကူညီပေးခြင်း ၂၂
ကလေးပျော်ကျောင်းများအတွက်ထောက်ပံ့ပေးခြင်း ၂၂
ရခိုင်ပြည်နယ်ရှိ ယာယီရွှေ့ပြောင်းစခန်းများနှင့်ပြန်လည်နေရာချထားရေးဒေသများတွင်
ပူးပေါင်းစီမံခန့်ခွဲမှုလုပ်ဆောင်ခြင်း ၂၄
မြန်မာနိုင်ငံတွင်အရည်အသွေးပြည့်ဝသည့်ပညာရေးရရှိအောင်ဆောင်ရွက်ခြင်း ၂၆
သက်ကြီးစာတတ်မြောက်ရေးအစီအစဉ်မှတစ်ဆင့်
ဘာသာရည်အသွေးတိုးတက်အောင် ဆောင်ရွက်ခြင်း ၂၈
မြန်မာနိုင်ငံရှိ လုသရမ်အသင်းတော်များနှင့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်း ၃၀
ရခိုင်ပြည်နယ်ရှိ LWF မြန်မာ၏စီမံကိန်းတွင် ချက်သံအမတ်ကြီး
လာရောက်လေ့လာခြင်း ၃၁
ဝန်ထမ်းများကဏ္ဍ ၃၂
ဦးစံသိန်းမောင် ၃၂
မဇကရီထွန်း ၃၃
မခင်သီတာလွင် ၃၄
လုပ်ငန်းဆောင်ရွက်စဉ် LWF မြန်မာ ကြုံတွေ့ရသည့်အခက်ခဲများ ၃၅

LWF ကမ္ဘာလုံးဆိုင်ရာ လူမှုအကူအညီပေးရေးအဖွဲ့အကြောင်း

LWF သည် ကမ္ဘာတစ်ဝှမ်း အယူအဆတူသူများနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း (၉၈) နိုင်ငံ၌ အဖွဲ့ဝင်ပေါင်း (၁၄၅) ဖွဲ့ ရှိပါသည်။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၇ ခုနှစ်တွင် ဆွီဇာလန်နိုင်ငံ လမ်းမြို့တွင် LWF ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ လူမျိုး၊ ကျား-မ၊ ဘာသာတရား၊ တိုင်းရင်းသားမျိုးနွယ် သို့မဟုတ် နိုင်ငံရေး ခံယူချက်ကွဲပြားမှုများ မခွဲခြားဘဲ လူသားတိုင်းအတွက် တန်းတူညီမျှ အကူအညီပေးရန် LWF ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးရေးဌာနကို ဖွဲ့စည်းထားပါသည်။

LWF ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးရေးဌာနသည် ဆက်စပ်ပါဝင်သူများ (Stakeholders) အားလုံးအပေါ် ယုံကြည်မှုနှင့် လေးစားမှုဖြစ်တည်စေသော ပွင်းလင်းမြင်သာပြီး တာဝန်ယူသည့် နည်းလမ်းဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ LWF ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးရေးဌာန၏ တာဝန်ခံမှုဆိုင်ရာမူဘောင် (Accountability Framework) ကိုလည်း စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့တွင် ပွင့်လင်းမြင်သာမှုရှိစေရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတကာကြက်ခြေနီနှင့် လခြင်းနီလှုပ်ရှားမှု၊ သားအန္တရာယ်ကူညီကယ်ဆယ်ရေးဆိုင်ရာ အဖိုးရမဟုတ်သည့် အဖွဲ့စည်းများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းနှင့် ကျင့်ဝတ်များ (Code of Conduct) များတွင်လည်း ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ မိမိတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို Global Partnership Program က သတ်မှတ်ထားသည့် မူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းကမ်းချက်များ (Principles of Partnership) နှင့်အညီ လိုက်နာဆောင်ရွက်ပါသည်။ LWF သည် အသင်းတော်၊ အသင်းတော်နှင့်ဆက်စပ်သည့် အဖွဲ့ပေါင်း ၁၃၀ ကျော်ပါဝင်သော ဖွံ့ဖြိုးရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများ၊ နှစ်သိမ့်ဆွေးနွေးအကြံပြုမှုများကို လုပ်ဆောင်နေသည့် ACT (Action by Churches Together) Alliance အဖွဲ့ကို တည်ထောင်ခဲ့သည့် အဖွဲ့ဝင်များထဲမှ တစ်ဖွဲ့ဖြစ်ပါသည်။ အဆိုပါ ACT Alliance အဖွဲ့သည် ဘေးအန္တရာယ်များကိုတုန့်ပြန်ရာတွင် လျင်လျင်မြန်မြန် စုစည်းပြင်ဆင်နိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်သိမ့်အကြံဉာဏ်ပေးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန် အဖွဲ့ဝင်များ၏ လှုပ်ရှားမှုများကို ဟန်ချက်ညီအောင် ဆောင်ရွက်ပါသည်။ အောက်ခြေအဆင့်ထိ အရေးပေါ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများတွင် LWF မှာ တစ်ခါတစ်ရံ ACT အဖွဲ့တွင် ဦးဆောင်ဦးရွက်ပြုပြီး၊ ACT ၏ အုပ်ချုပ်ရေးနစ်မှတစ်ဆင့် ခေါင်းဆောင်မှုအပိုင်းကို ကူညီဆောင်ရွက်ပေးသည်။

အမှာစကား

LWF Myanmar အား တစ်စိုက်တမတ် ထောက်ပံ့ကူညီပေးသူများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်နေသူများအား ကျေးဇူးတင်ရှိကြောင်း ဦးစွာ ပြောကြားလိုပါသည်။ မိတ်ဖက်များ၏ ကူညီမှုများ၊ အနီးကပ် ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း အလွန်ပင် ကျေနပ်အားရပါသည်။ လူသရဝ်ဝေါလ် ဖက်ဒရေးရှင်းမှ အဖွဲ့ဝင်များ၏ ကူညီပံ့ပိုးမှု၊ အသင်းအဖွဲ့လိုက်ဆောင်ရွက်မှုနှင့် အခြားသော မိတ်ဖက် အလျူရှင်များကြောင့် LWF မြန်မာ စီမံကိန်းသည် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းကြောင့် ပျက်ဆီးဆုံးရှုံးမှုများအတွက် ယူရှိ (၅) သိန်း အကုန်အကျခံကာ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ယူရှိ (၅.၈) သန်း၊ ဝန်ထမ်းပေါင်း (၁၆၆) ဦးဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၄) ခုရှိ ကျေးရွာပေါင်း (၁၃၃) ရွာ၊ ယာယီဈေးပြောင်းစခန်း (၈) ခုတို့မှ ပြည်သူ ၉၉၇၄ ဦးကို လူသားချင်းစာနာထောက်မှု၊ ဖွံ့ဖြိုးရေးနှင့် ဆွေးနွေးအကြံပြုရေးလုပ်ငန်းများကိုလုပ်ဆောင်ပေးနေသည့်အဖွဲ့ကြီးတစ်ခုဖြစ်လာခဲ့ပါသည်။

ဒုတိယအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း LWF မြန်မာ၏အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုများ၊ မှတ်တမ်းတင်ပုံများကို ဤအစီရင်ခံစာဖြင့် မျှဝေခွင့်ရသည့် အတွက်လည်း ကျေနပ်မိကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ရောက်ရှိရေးအတွက် နိုင်ငံရေး အသွင်ကူးပြောင်းမှုကို ဆက်လက် ဆောင်ရွက်နေရပြီး တစ်ချိန်တည်းမှာပင် ရှုပ်ထွေးနက်နဲသည့် မြည်တွင်းဗြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း လုပ်ဆောင်နေရပါသည်။ ဒေသတွင်းနှင့်နိုင်ငံတကာအတွက်စီးပွားရေးတံခါးဖွင့်ပေးမှုကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လူအခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြင့်တင်ခြင်းနည်းလမ်းမှတစ်ဆင့် LWF သည် အစိုးရ (ရပိုင်ခွင့် မြည့်ဆည်းပေးရန် အဓိကတာဝန်ရှိသူ) နှင့်ဖြစ်ဝကျွန်းပေါ်ဒေသ၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဆင်းရဲနွမ်းပါးလွန်းသော၊ ဖယ်ကျဉ်ခံထားရသော ပြည်သူများ (ရပိုင်ခွင့် ခံစားခွင့်ရှိသူများ) အကြား အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်လာစေရန် တဖြည်းဖြည်းပုံဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် ကျွန်ပ်တို့သည် အိမ်ထောင်စု၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်နှင့် နိုင်ငံတော် အဆင့်တွင် ပါဝင်ပတ်သက်သူ (Stakeholders) များနှင့် မိတ်ဖက်ဆက်ဆံရေးကို ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူအခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြင့်တင်ပေးခြင်း လုပ်ငန်းကို (၈) နှစ်တာ လုပ်ဆောင်ခဲ့ပြီးနောက် မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာပေါင်း (၃၅) ရွာမှာ ၄င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို ၄င်းတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့ပါသည်။ အမျိုးသမီးများ၊ လူငယ်များ၊ ကလေးများနှင့် နွမ်းပါးသော တောင်သူလယ်သမားများကဲ့သို့ ထိခိုက်ခံစားလွယ်သည့် အုပ်စုများ၏ လုပ်ဆောင်နိုင်စွမ်းနှင့် ယုံကြည်မှု မြှင့်တင်ပေးခြင်းလုပ်ငန်းကို ဝိမိတို့စီမံကိန်းမှ ကျန်ရှိနေသည့် ရပ်ရွာလူ့အဖွဲ့အစည်းများတွင်လည်း ဆက်လက် ဆောင်ရွက်သွားပါမည်။

လက်ရှိတွင် ဝိမိတို့သည် အများပူးပေါင်းပါဝင်ပြီး၊ ပဋ္ဌိပက္ခကိုရှောင်ရှားသော၊ လူထုကို အဓိကထားသော လူအခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြင့်တင်ပေးခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်ရှိ ယာယီစခန်း (၈) ခုမှ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ ၄၃၀၀၀ ဦးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နေပြီး၊ ယာယီစခန်းများနှင့် ပတ်ဝန်းကျင်ဒေသများမှ ကျောင်းသား ၂၅၀၀၀ ကို ပုံပြိုးကူညီမှုများလည်း ပြုလုပ်နေပါသည်။

ယခု "နှစ်ပတ်လည် အစီရင်ခံစာ" သည် ဝိမိတို့ အတူတကွ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ခြင့်မိစေမည်ဟု ကျွန်ပ်ယုံကြည်ပါသည်။ ကျွန်ပ်တို့နှင့်အတူတကွ ဆက်လက်ဆောင်ရွက်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ဖိနှိပ်ချယ်လှယ်ခံရသူများ၏ အခွင့်အရေးများကို ပိုမို၍ အကျိုးဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ အားလုံး၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးဥပကာရ တင်ရှိပါသည်။

လေးစားစွာဖြင့်



ဒေးဗစ် အိက်ခ် မြူလာ
မြန်မာနိုင်ငံဆိုင်ရာ ၄ဘနေကိုယ်စားလှယ်
LWF ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးရေးဌာန
လာအိုနှင့် မြန်မာစီမံကိန်း

လူသရမ်ဝေါလ် ဖက်ဒရေးရှင်း မြန်မာစီမံကိန်းအကြောင်း (LWF မြန်မာ)

၂၀၀၈ ခုနှစ်တွင် LWF သည် နာဂစ်ဆိုင်ကလန်းမုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသူများ အတွက် ACT Appeal နှင့်အတူ အကူအညီပေးရေး လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။ LWF သည် ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်း (INGO) ဖြစ်ပြီး၊ မြန်မာနိုင်ငံ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့နှင့်လည်း နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးထားပါသည်။

အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သန့်ရှင်းသောရေနှင့် တစ်ကိုယ်ရေကျန်းမာရေး အစီအစဉ် (WASH)၊ ပညာရေးနှင့် အခြားသော လူထုအကျိုးပြု လုပ်ငန်းများ၊ လူ့အခွင့်အရေးအခြေပြု အသိပညာပေးခြင်း၊ ဆွေးနွေးအကြံပြုခြင်း၊ အစိုးရ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ အားကောင်းအောင်ဆောင်ရွက်ခြင်းတို့ကို LWF မြန်မာအဖွဲ့သည်အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းကာတိုးဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် LWF မြန်မာသည် မြစ်ဝကျွန်းပေါ်ဒေသ၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များရှိ ကျေးရွာပေါင်း (၁၆၄) ရွာမှ အုပ်စုများ/ကျေးရွာများ/ယာယီ စခန်းများတွင် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များ၊ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ယာယီကယ်ဆယ်ရေးစခန်းများ၊ ဌာနေလူ့အဖွဲ့အစည်းများကို ဦးတည်၍ လုပ်ဆောင်နေပါ သည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဆောင်ရွက်ခဲ့သော လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြင့်တင်ပေးခြင်း၊ စီမံကိန်းများနည်းတူ၊ ၂၀၁၅ ခုနှစ်တွင် အမ်ဖြို့နယ်၌ လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခဲ့သည်။

မျှော်မှန်းချက်

"မြန်မာပြည်သူ့ပြည်သားများသည် တရားမျှတသောလူ့ဘောင်အဖွဲ့အစည်းတွင်ငြိမ်းချမ်းပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ကြရန်၊ မတူကွဲပြားသော်လည်းစည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်ရန်၊ အခြေခံလိုအပ်ချက်များနှင့် ဘဝအရည်အသွေးများ ပြည့်ဝသော ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးများကို ရယူနိုင်သည့် စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်"

ခံယူချက်

"LWF မြန်မာသည် လူသားများ ရသင့်ရထိုက်သောအခွင့်အရေးများကို ရရှိခံစား နိုင်စေရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြင့်တက်လာအောင် ကူညီပေးခြင်းဖြင့် တွေ့ကြုံခံစား နေရသော ဆင်းရဲဒုက္ခနှင့် ဆင်းရဲနွမ်းပါးမှုများကို ဖြစ်စေသည့်အကြောင်းအရင်းနှင့်အကျိုးဆက် များကို ပယျောက်အောင် ဆောင်ရွက်ပါမည်"

ရည်မှန်းချက်ပန်းတိုင်

"လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည်မြင့်တင်ပေးခြင်းနည်းလမ်း မှတစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးကို လုပ်ဆောင်ပြီး "မြန်မာ နိုင်ငံ၌ဆင်းရဲနွမ်းပါးမှု လျော့ပျောရေးကိုအထောက်အကူဖြစ်စေရန်"

တန်ဖိုးထားမှုများ

ဂုဏ်သိက္ခာကို လေးစားခြင်းနှင့် တရားမျှတမှုရှိခြင်း
အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း
တာဝန်ခံခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း
ဂရုဏာထားဆောင်ရွက်ခြင်းနှင့် ခိုင်မာသော ခံယူချက်ရှိခြင်း
မတူကွဲပြားခြင်းများကို လေးစားနားလည်ခြင်း

ဦးစားပေးဆောင်ရွက်မည့်မဟာဗျူဟာမြောက်ဦးစားပေးနယ်ပယ်များ

LWF မြန်မာသည် ဦးတည်အုပ်စုများ၏လူနေမှုဘဝတွင်အပြု သဘောဆောင်သည့် ပြောင်းလဲမှုများ၊ အကျိုးကျေးဇူးများကို ဆောင်ကျဉ်းပေးနိုင်မည့် ဦးစားပေးဆောင်ရွက်မည့်မဟာဗျူဟာမြောက် ကဏ္ဍ (၄) ခုကို ဆောင်ရွက်လျက်ရှိသည်။

၁။ သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ အရေးပေါ်ကာလ ကြိုတင်ပြင်ဆင်ခြင်းနှင့်တုန့်ပြန်ခြင်း (DRR) – ကျေးရွာများသည် သဘာဝ ပတ်ဝန်းကျင်နှင့် သင့်လျော်ညီညွတ်သဟဇာတဖြစ်သည့်နည်းလမ်းများ ကိုအသုံးပြု၍ ဘေးအန္တရာယ်များကို စီမံခန့်ခွဲနိုင်ရမည်။

၂။ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ – အိမ်ထောင်စုများတွင် ပိုမိုစုံလင်ပြီး ရေရှည်တည်တံ့သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများနှင့် စားနပ်ရိက္ခာ ဖူလုံရေးနည်းလမ်းများ ရှိရမည်။ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေ၊ မိလ္လာ စနစ်စွဲ့ တစ်ကိုယ်သန့်ရှင်းရေးအတွက် ပိုမိုရရှိခံစားလာနိုင်စေရမည်။ ကျောင်းနေအရွယ် ယောကျ်ားလေးများ၊ မိန်းကလေးများအားလုံးမှာ အရည်အသွေးပြည့်မှီသော အခြေခံပညာရေးကို လက်လှမ်းမှီ သင်ကြား နိုင်ရမည်။

၃။ ရပ်ရွာလူထုဦးဆောင်သောတရားမျှတမှုနှင့်ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မှု – အခွင့်အရေးခံစားခွင့်ရှိသူများသည်မိမိတို့အိမ်ထောင် အတွက်သာမက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာစေရမည်။ LWF ၏ အဓိက ဦးစားပေးလုပ်ငန်းများနှင့်ကိုက်ညီသော စွမ်းဆောင်ရည်မြင့်တင်ခြင်း၊ ထိရောက်သည့်ပူးပေါင်းဆောင်ရွက်မှု (သို့) မဟာဗိတ်ဖွဲ့မှုကိုနိုင်ငံတော် အဆင့် အတူတကွ လက်တွဲဆောင်ရွက်နိုင်လာရမည်။

၄။ အရည်အသွေးပြည့်ဝပြီး ရေရှည်တည်တံ့သည့် လုပ်ငန်းများနှင့် စီမံကိန်းများ – အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲပြီး တာဝန်ခံ ယူမှုရှိစွာ အသုံးချသည်။ ဝန်ထမ်းများကိုလည်း ၎င်းတို့၏ တာဝန် ဝတ္တရားများကျေမွန်စွာ ထမ်းဆောင်နိုင်စေရန် ထောက်ပံ့ပေးပြီး ဝန်ထမ်းအားလုံးအား တန်းတူညီမျှ ဆက်ဆံသည်။

LWF မြန်မာ၏ စီမံကိန်းဆောင်ရွက်သည့် ဒေသများပြမြေပုံ



ကျွန်ပ်တို့၏ မဟာဗျူဟာနည်းလမ်းများ

LWF မြန်မာသည် ရပ်ရွာအခြေပြု စီမံခန့်ခွဲမှု ဖွံ့ဖည်းပုံတည်ဆောက်ရေးတွင်လက်လှမ်းမှီနိုင်ရန်နှင့် လက်တွေ့လုပ်ဆောင်မှု နည်းလမ်းများ ရရှိရန် အဆက်အဆက်ဖြစ်နေသော၊ အစိုးရထံမှ ဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်သာရရှိသော ဝေးလံခေါင်ဖျားသည့် ကျေးလက်ဒေသများမှ ပြည်သူလူထုအတွက် အဓိကထား လုပ်ဆောင်ပါသည်။ အခွင့်အရေး ခံစားခွင့်ရှိသူများ၊ ထိုအခွင့်အရေးကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများအကြား ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်အတွက်စေ့စပ်လုပ်ဆောင်မှုအားကောင်းရန် အရေးကြီးသည်ဟု LWF မြန်မာက နားလည်ထားပါသည်။

ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ရပ်ရွာအဆင့်များတွင် LWF မြန်မာသည် သက်ဆိုင်ရာ အစိုးရ ဦးစီးဌာနများ၊ ဝန်ကြီးဌာနများနှင့် အနီးကပ် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ အဆိုပါ ပူးပေါင်း လုပ်ဆောင်နေသည့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် မြန်လည်ရေရာ ချထားရေး ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ မိုးလေဝသနှင့် လေဒေသည္ဝန်ကြားမှူးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာနတို့ ပါဝင်သည်။

LWF မြန်မာသည် မြစ်ဝကျွန်းပေါ်ဒေသ၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် လုပ်ငန်းများ လုပ်ဆောင်နေပြီး ပြန့်ကျဲလျက်ရှိနေသော ကျေးရွာများအစား၊ ကျေးရွာအုပ်စုများ တစ်ခုလုံး၊ ဖြစ်နိုင်ပါက မြို့နယ်တစ်ခုလုံး အကျိုးထင်စေမည့် မူဘောင်များကို ချမှတ်ဆောင်ရွက်နေပါသည်။ ထိုကဲ့သို့ ပထဝီနိုင်ငံရေးအခြေခံ ဦးတည်ဆောင်ရွက်မှုမှာ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများနှင့် အဝင်ခွင်ကျဖြစ်ပြီး၊ အခွင့်အရေး ခံစားခွင့်ရှိသူများ၊ ထိုအခွင့်အရေးကိုဖြည့်ဆည်းပေးရန် တာဝန်ရှိသူများအကြားလုံ့လောက် သည် နီးကပ်မှုမျိုး၊ ဝန်ထမ်းပေးနိုင်ကာ၊ အကျိုးဖြစ်ထွန်းစေမည့်ရလဒ်များ ထွက်ပေါ်ရေးအတွက် ပြည်ဝေသာ လူအခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးရေးလုပ်ငန်း ဆောင်ရွက်ရန်လည်း လွယ်ကူစေသည်။

LWF Myanmar သည် မြန်မာအစိုးရက ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့များ၊ နိုင်ငံတကာ NGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေအဖွဲ့ (HCT) တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနေသော အဖွဲ့ဝင် ဖြစ်ပါသည်။ LWF Myanmar သည် INGO ဖိုရမ်၊ Shelter/CCCM/NFI Cluster၊ Education in Emergency (EiE) Sector နှင့် အခြားသော အရှုအဖွဲ့များ သို့မဟုတ် ကဏ္ဍများတွင် အလျင်သင့်တိုင်း တက်တက်ကြွကြွပူးပေါင်းပါဝင်သွားရန်ဆက်လက် အားထေးဆောင်ရွက်နေပါသည်။ ၂၀၁၆ ခုနှစ်တွင် LWF မြန်မာသည် စားနပ်ရိက္ခာဖုလုံရေးလုပ်ငန်းအဖွဲ့ (FSWG) ၏ ဦးဆောင်ကော်မတီ အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ထို့ပြင် LWF မြန်မာသည် ALWG၊ DRRWG၊ GEN၊ NCRWG၊ HACG၊ INGO Forum၊ HCT နှင့် Admin & HRWG တို့ကဲ့သို့ ရည်ရွယ်ချက်တူသော အဖွဲ့စည်းများတွင် အဖွဲ့ဝင်အဖြစ်လည်း ပါဝင်လုပ်ကိုင်နေပြီး အပြန်အလှန် လေ့လာသင်ယူမှုမှတစ်ဆင့် အကျိုးကျေးဇူးများလည်း ရရှိနေပါသည်။

(မူပိုင် - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/ ၂၀၁၆)

ACTAlliance တွင် LWF မြန်မာသည် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး၊ ACT Myanmar Forum က ကရင်ပြည်နယ်တွင် ဆောင်ရွက်နေသည့် ပူးတွဲစီမံကိန်း၏ ဦးဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ စီမံကိန်း အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်နေပါသည်။ ACT Myanmar Forum သည် EU၊ DIPECHO၊ LIFT နှင့် အခြားသောအဖွဲ့များ နှစ်ဖွဲ့ပူးပေါင်း၍ လည်းကောင်း၊ အဖွဲ့များစွာပူးပေါင်း၍လည်းကောင်း ရန်ပုံငွေရရှိနိုင်မည့် အခွင့်အလမ်း များကိုလည်း ရှာဖွေနေပါသည်။ ထို့ပြင် LWF သည် ACT Alliance European Eight (E-8) ၏ Getting Our ACT Together (GOAT) စီမံကိန်းအတွက် (E-8) နှင့်အတူဆက်သွယ်ဆောင်ရွက်နေပါသည်။

ထို့ပြင် LWF မြန်မာသည် LWF/DMD-Mekong Mission Forum (MMF)၊ LWF/Department for Theology and Public Witness (DTPW)၊ ACT Alliance ESifh Ecumenical Advocacy Alliance (EAA) ဝေသာ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေပြီး နီပေါရှိ LWF/DWS Emergency Hub နှင့် AZEECON တို့မှ အကျိုးကျေးဇူးများကို ရရှိခံစားနေရပါသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်က ချမှတ်ထားသောမူဝါဒများနှင့်အညီသက်ဆိုင်ရာများနှင့် ချောမွေ့ပြီး၊ အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုကြောင့် LWF မြန်မာသည် မိမိတို့၏ လူအခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနည်းလမ်းကို ထိထိရောက်ရောက်အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ သဘာဝေး အန္တရာယ် လျော့ပါးစေရေး၊ ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အသက်အန္တရာယ်များ လျော့ကျ စေရေး၊ ပညာရေး၊ ကလေးငယ်များအရေး၊ လူငယ်အရေး၊ ကျား-မ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖုလုံရေး၊ နိုင်ငံအတွင်း ယာယီရွှေ့ပြောင်းစခန်းများကို ထောက်ပံ့ ကူညီရေးအပါအဝင် အရေးပေါ် အကူအညီပေးရေးလုပ်ငန်းများကို ထိရောက်စွာ အာရုံစိုက်လုပ်ဆောင်နိုင်ခဲ့ပါသည်။

ရပ်ရွာအရေးကိစ္စရပ်များတွင် အနွမ်းပါးဆုံးဖြစ်သူများ၊ ဘေးဖယ်ခံထားရသူများ၊ ထိခိုက်ခံစား လွယ်သည့် အိမ်ထောင်စုများ၊ တစ်ဦးချင်းတစ်ယောက်ချင်းအလိုက်၊ အဖွဲ့အလိုက် ပါဝင်ဆောင်ရွက်ရေး တွန်းအားပေးရန်၊ ၄င်းတို့အတွက် လူအခွင့်အရေးအခြေပြု ရေရည်တည်တံ့သော ဖွံ့ဖြိုးရေးစီမံကိန်း ဆွေးနွေးနှစ်သိမ့်မှု၊ လက်တွေ့အကောင်အထည်ဖော်မှု၊ စောင့်ကြည့်ရေးနှင့် ဆန်းစစ်သုံးသပ်ရေး လုပ်ငန်းစဉ်များ အားကောင်းလာစေရန် မည်သို့ဆောင်ရွက်ရမည်ကို ကျွန်ုပ်တို့ သိနားလည်ထားပါသည်။ ထို့ကြောင့် ဒေသခံများကြားတွင် အထက်ပါလုပ်ငန်းများကို အားကောင်းလာစေရန် ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ပေးရေး ဦးစီးဆောင်ရွက်သူများ သတ်မှတ်ခန့်ထားပေးကာ မိမိတို့က ဆောင်ရွက်ပါသည်။

မိမိတို့၏ လုပ်ငန်းများတွင် ပြည်သူလူထုနှင့် ရပ်ရွာလူအဖွဲ့အစည်းများသည် အဓိကအတွေ့ရာ ကျကြောင်း သိရှိလာစေရန် LWF မြန်မာက ဆောင်ရွက်ပေးပါသည်။ ထို့ပြင် ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ် အဆင့်တိုင်းတွင် ရပ်ရွာလူထုက အကြံဉာဏ်ပေးနိုင်ရန်၊ တက်ကြွစွာပူးပေါင်းပါဝင်နိုင်ရန် ကျွန်ုပ်တို့သည် တိုက်တွန်းအားလည်း ပေးပါသည်။ တချိန်တည်းမှာပင် သဘာဝဘေးစီမံခန့်ခွဲရေး လုပ်ဆောင်နိုင်စွမ်း အားကောင်းစေရန်၊ ၄င်းတို့တွင် ဘက်စုံအကာအကွယ်ပြုနိုင်စွမ်း ရှိလာစေရန် LWF မြန်မာသည် ရပ်ရွာလူထုနှင့် တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်ပါသည်။ သဘာဝဘေး သို့မဟုတ် လူလုပ်ဘေးအန္တရာယ်များကို တုန့်ပြန်ရာတွင် LWF မြန်မာသည် ACT alliance/ACT Forum အဖွဲ့ သို့မဟုတ် သင့်တော်သည့် အသင်းအဖွဲ့များမှတစ်ဆင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ နောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင် ဆောင်ရွက်ပါသည်။

LWF မြန်မာအကြောင်း တစ္ဆေတစောင်း



၂၀၁၆ ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာ

စီမံချက်အလိုက် အလျှောရေအသုံးပြုပုံပြဇယား
(ယူရိုငွေကြေးဖြင့်)



■ လူအနှင့်အရေးကို အခြေခံသော စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံချက်	၁,၀၂၂,၆၁၆	၂၂.၃%
■ ACT Appeal MMR151 - ရေလွှမ်းမိုးမှု တုန့်ပြန်ရေးစီမံချက်	၃၉၉,၁၉၉	၈.၀%
■ ဧရာမပိရိကွာထောက်ပံ့ရေး စီမံချက် (ELCA)	၃၄,၈၈၃	၁.၆%
■ ELCA: Diaconal Project Support w/Churches	၅၉,၁.၂၂	၁.၃%
■ စီမံကိန်းနှင့် ပိတ်ဂက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း (BRW)	၅၄,၈၆၆	၁.၂%
■ UNHCR ၏ ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေနေထိုင်သူများကို ထောက်ပံ့ရေးစီမံချက် (USD)	၂၄၀,၂၇၉	၅.၃%
■ UNHCR ၏ ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေနေထိုင်သူများကို ထောက်ပံ့ရေး စီမံချက် (MMK)	၆၇၃,၇၈၁	၁၅.၀%
■ အမျိုးသားပရိုဂရမ်အသက်မွေးမပေါ်ကျောင်း ဖော်ဆောင်ရေးစီမံချက် (FCA)	၁၁၅,၃၃၃	၂.၇%
■ ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေနေထိုင်သူများကို ထောက်ပံ့ရေး စီမံချက်	၆၁,၄၅၀	၁.၂%
■ အရည်အသွေးမြင့်သည့်သည့် အခြေပံ့ပံ့ဘဏ္ဍာရေးနှင့် ကျောင်းပြင်ပ ပညာရေး	၂၄,၂.၂၆	၅.၃%
■ ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၊ဘဏ္ဍာရေးတွက် အထောက်အပံ့ (EU)	၆၉၉,၃၈၆	၁၄.၄%
■ ကုလသမဂ္ဂအခွဲခွဲ၏ဝင်ငွေများ၊ဈေးကွက်တွက် အလှည့်ကျ ပုံမှန်သုံးသပ်စစ်ဆေးခြင်း - အောင်မြင်သော ရလဒ်များ	၉၆,၀၉၉	၂.၀%
■ လူအနှင့်အရေးကို အခြေခံသော စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံချက် - ရခိုင် (BRW)	၅၉,၅၀၃	၁.၂%
■ ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေနေထိုင်သူများ နေလမ်းမြေမီးများနှင့် အိမ်နီးချင်းရေလှောင်ကန်များ၏ အသက်မွေးမပေါ်ကျောင်း မြှင့်တင်ပေးခြင်း	၂၉၁,၈၆၀	၆.၄%
■ Improvement of Living Conditions and Strengthen Peaceful Co-e	၄,၂၅,၈၆၀	၉.၄%
■ ACT Joint Project	၃၃,၀၆၀	၀.၇%
စုစုပေါင်း ဝင်ငွေ	၄,၅၀၂,၄၈၃	၁၀၀.၀၀%

အလျှောရင်တစ်ဦးချင်းအလိုက်ထောက်ပံ့ငွေပြဇယား
(ယူရိုငွေကြေးဖြင့်)


၀.၇%
၀.၇%
၀.၇%
၁၀.၈%
၂.၄%
၀.၀%
၀.၀%
၀.၀%
၀.၀%
၀.၀%
၀.၀%
၀.၀%
၀.၀%
၀.၀%
၀.၀%
၀.၀%
၂.၄%
၁.၆%
၁.၀%
၁.၀%
၁.၀

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး မြှင့်တင်ဆောင်ရွက်ခြင်း

ထိပ်တိုက်ရင် မဆိုင်သော၊ ပဋိပက္ခရှောင်လွှဲ၊ အထောက်အထားပြ၊ အဖြေရှာဖြေရှင်းသည့်နည်းလမ်း

နိုင်ငံတိုင်း အလည်ကျအစီရင်ခံရသည့်လုပ်ငန်းစဉ် (UPR) ၏ အရေးပါဆုံးအစိတ်အပိုင်းမှာ နောက်ဆက်တွဲ သုံးသပ်မှု (Follow-up) ပြုလုပ်ခြင်း ဖြစ်သည်။ မြန်မာအစိုးရသည် အကြေပြချက်များထဲမှ (၁۶၆) ခုကို လက်ခံသည်ဟု ကြေငြာပြီးသည်နောက်ပိုင်း၊ ထိုကတိကဝတ်များနှင့်စပ်လျဉ်း၍ အစိုးရသစ်၏ အနေအထားနှင့် ကိုက်ညီစေမည့် အသိပညာပေးဆွေးနွေးရေး အစီအစဉ်များကို မြန်လည်ပုံဖော်ရန် နိုင်ငံအတွင်းရှိ လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ရှေ့နေများ၊ ဘာသာရေးခေါင်းဆောင်များ၊ အစိုးရဌာနများကဲ့သို့ အခြားသော သက်ဆိုင်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးလာပါသည်။

> "ထိုကတိကဝတ်တွေအပေါ် နောက်ဆက်တွဲစောင့်ကြည့် သုံးသပ်မှုကို ပူးပေါင်းလုပ်ဆောင်ဖို့၊ အကောင်အထည်ဖော်တဲ့ လုပ်ငန်းစဉ်ရဲ့ အဆင့်တိုင်းမှာ အစိုးရအဖွဲ့အစည်းတွေနဲ့ ထိတွေ့ဆက်သွယ်ဖို့ အရေးကြီးပါတယ်။"
>
> ဖရန်ဆက်စ်ကာ ပီထရက်လီယာ

၂၀၁۶ ခုနှစ်တွင် LWF မြန်မာသည် ပြည်တွင်းနှင့် နိုင်ငံတကာ အဆင့်တွင် ပံ့ပိုး ထိတွေ့ဆောင်ရွက်ရသည့် လူ့အခွင့်အရေးကာကွယ်သူများ နယ်ပယ်အထိ ကုလသမဂ္ဂ လူ့အခွင့်အရေး စောင့်ကြည့်ရေး လုပ်ငန်းစဉ်များနှင့်အညီ ချဲ့ထွင်လုပ်ဆောင်ခဲ့ပြီး၊ နိုင်ငံတော်အဆင့်တွင် အစိုးရနှင့် မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးမှုကိုလည်း လုပ်ဆောင်ခဲ့သည်။ လူ့အခွင့်အရေးကိုကာကွယ်သူများ၊ ဘာသာရေးလွတ်လပ်ခွင့်၊ အမျိုးသမီးအခွင့်အရေး၊ လယ်ယာမြေပိုင်ဆိုင်ခွင့်များအား ထိပ်တိုက်တွေ့ဆုံမှုကို ရှောင်ရှားသည့် နည်းလမ်းဖြင့် အကာအကွယ်ပေးရေး ဆောင်ရွက်ရာတွင် တိုးတက်မှုများ ရရှိနေသည်။ လူ့အခွင့်အရေးကာကွယ်သူ (၅) ဦးသည် ဂျီနီဗာသို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံ၌ အထိအခိုက်မခံသော လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မှုများအတွက် တိုးတက်မှုရရှိရန် လိုအပ်သော မူဝါဒများကို ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။ လက်ရှိတွင် တစ်ဦးချင်းစီမှာ ၄င်းတို့ဆောင်ရွက်သော ကွန်ယက်ကို ချဲ့ထွင်နိုင်ခဲ့ပြီး မြန်မာအစိုးရနှင့် မူဝါဒရေးရာဆွေးနွေးမှုတွင် ပိုမို ပွန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေး ယုံကြည်မှုလည်း ပိုလာခဲ့ကာ၊ ဂျီနီဗာ သို့ သွားရောက်ခဲ့သည့် ရလဒ်ကို မြင်တွေ့ရခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များတွင် နီးနှောဖလှယ်ပွဲနှင့် အလုပ်ရှင်ဆွေးနွေးပွဲ (၇) ခု ကျင်းပပေးခြင်းနှင့် ကွန်ယက်များ မှတစ်ဆင့် LWF မြန်မာ သည် ပိမိတို့၏ ထိပ်တိုက်ရင်မဆိုင်၊ ပဋိပက္ခ ဖယ်ကျဉ်သော၊ လက်တွေ့အချက်အလက်အခြေပြု၊ အဖြေရှာဖြေရှင်းသည့် စနစ်ပေါ်ဆောင်ရွက်မှုကို မူဘောင်များမချိုးဖောက်သည့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးမှုအားလုံးအတွက် ဆက်လက် မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ မည်သည့်နိုင်ငံတွင်မဆို လူ့အခွင့်အရေးအခြေအနေ တိုးတက်ရေး ဆွေးနွေးညှိနှိုင်းကြသော အခွင့်အရေးခံစားခွင့်ရှိသူများနှင့် ထိုအခွင့်အရေးကို ဖြည့်ဆည်းရန်တာဝန်ရှိသူများ၏အရေးအတွက်တိုးတက်များပြားစေမည် ဖြစ်ပါသည်။

ယခုနှစ်အတွင်း နောက်ထပ် အောင်မြင်မှုတစ်ခုမှာ မြန်မာအမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) နှင့် မဟာဗျူဟာကျသည့် မိတ်ဖက် ဆက်ဆံရေးတစ်ခု အကောင်အထည်ဖော်နိုင်ခြင်း ဖြစ်ပါသည်။ LWF မြန်မာ နှင့် MNHRC တို့သည် လွှတ်တော်တွင် ဝန်ကြီးဌာနအဆင့်[1] အစည်းအဝေး တစ်ခု ပြုလုပ်ခဲ့ပြီး အစိုးရက လက်ခံထားသော UPR အကြေပြချက် (၁۶၆) ခုကို အစီအစဉ်တကျ စတင်အကောင်အထည်ဖော်နိုင်ရေးအခြေအနေများကို အစိုးရနှင့် အကျေအလည် ဆွေးနွေးခဲ့ပါသည်။ (၂၀၁۶ ခုနှစ်၊ ဩဂုတ်လ၊ နေပြည်တော်) မြန်မာနိုင်ငံမှ လက်ခံထားသော အကြေပြချက် (၁۶၆) ချက်ကို အစိုးရက တာဝန်ခံရေးအတွက် လမ်းပြမြေပုံတစ်ခုအဖြစ် မိမိတို့အရပ်ဖက် အဖွဲ့အစည်းက အသုံးပြုနိုင်မည့် အကြေပြချက်များအကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်တစ်ခု အကြမ်းရေးဆွဲနိုင်ရန် ဝန်ကြီးဌာနများပူးပေါင်း ကော်မတီတစ်ခုကို ဖွဲ့စည်းရန် အစိုးရထံမှ ဦးဝေသောကတိတစ်ခုရှိခြင်းမှာ ထိုဆွေးနွေးပွဲ၏ အဓိကရလဒ် ဖြစ်ပါသည်။

LWF သည် HNHRC နှင့် ပူးပေါင်း၍ ကျေးရွာနှင့် မြို့နယ်အဆင့်ရှိ တာဝန်ရှိသူများကို အစိုးရက လက်ခံထားသော အကြေပြချက် (၁۶၆) ခုနှင့် စပ်လျဉ်း၍ အသိပညာမြှင့်တင်ပေးကာ၊ ရွာသူရွာသားများ၊မြို့နယ် ကျန်းမာရေးရုံးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ကျန်းမာရေးဌာန၊ ကယ်ဆယ်ရေး နှင့် မြန်လည်နေရာချထားရေးရုံးများနှင့် အခြားသော မြို့နယ်အဆင့် သက်ဆိုင်ရာအစိုးရရုံးများ၌ တာဝန်ရှိသူများအကြားတွင် ဆွေးနွေးပြောဆို မှုများကို လုပ်ဆောင်စေခဲ့ပါသည်။

ယခုနည်းလမ်းမှာ ၄င်းတို့နည်းဟန်ဖြင့် အကြေပြချက်များကို အကောင် အထည်ဖော်ရာ၌ မျက်မြေပြတ် သုံးသပ်နိုင်ရေးတွင် အစိုးတာဝန်ရှိသူများ နှစ်မြှုပ်လုပ်ကိုင်နိုင်ရေးကို နိုင်မာစေပါသည်။ ထို့ပြင် ထိုနည်းလမ်းက ပြေပြင် ပြောင်းလဲမှုများ အဓိကထားဆောင်ရွက်ပေးရန် လိုအပ်သည်ဟု အကြေပြ ထားသော ရပ်ရွာလူထုအတွက် အမှန်တကယ်ပြောင်းလဲမှု ရရှိရေး၊ အနည်းဆုံး အပြုသဘောဆောင်ပြီး ထိပ်တိုက်မတွေ့နိုင်သော၊ ပဋိပက္ခ ဖယ်ကျဉ်သော၊ လက်တွေ့အချက်အလက်အခြေပြု၊ အဖြေရှာရေး အာရုံ စိုက်သည့် မူဝါဒရေးရာ ဆွေးနွေးညှိနှိုင်းမှု၏ အရေးကြီးပုံကိုတန်ဖိုးထားသော လူမှုအဖွဲ့အစည်းဝင်များ ပွဲ့ဖြိုးတိုးတတက်ရေးကို ထောက်ပံ့ပေးနိုင်ရန် အလား အလာရှိသော နည်းလမ်းလည်း ဖြစ်ပါသည်။

[1] ၂၀၁۶ ခုနှစ်၊ ဩဂုတ်လ ၉-၁၀ ရက်၊ နေပြည်တော်တွင် ကျင်းပသော နိုင်ငံတော်အဆင့် အလုပ်ရှင်ဆွေးနွေးပွဲ။

နေပြည်တော်တွင် ကျင်းပသော အစိုးရမှ လက်ခံသဘောတူထားသော နိုင်ငံတကာ၏အကြေပြချက်များအလုပ်ရှင်ဆွေးနွေးပွဲတွင် တက်ရောက်သူတစ်ဦးမှ မေးခွန်းမေးမြန်းနေစဉ်။ (ယူပိုင် - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/၂၀၁۶)

လူထုဦးဆောင်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း

ရပ်ရွာလူထုတို့သည် မိမိတို့ပိုင်ဆိုင်မှုအသcertain ရှိလာရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်လာစေရန်အတွက် LWF မြန်မာသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကို ၎င်းတို့ကိုယ်တိုင် ဦးဆောင်နိုင်ရေး ရပ်ရွာလူထုနှင့် ဆက်စပ်ပါဝင်သူများ (Stakeholders) အားလုံးကို စွမ်းဆောင်ရည် မြှင့်တင်ပေးပါသည်။ ၂၀၁၆ ခုနှစ်တွင် LWF မြန်မာသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၁၄၉) ခု၊ လယ်သမားအဖွဲ့ (၁၄) ခု၊ အမျိုးသမီးအဖွဲ့ (၉၃) ခု၊ လူငယ်အဖွဲ့ (၂၅) ခု၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာအဖွဲ့ (၈) ခု၊ မိတ်ဖက်အိမ်ထောင်စု (၁၀၆၈) ခုတို့နှင့်အတူတွဲ၍ လုပ်ဆောင်ကာ အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းနှင့်လက်တွေ့လုပ်ဆောင်မှုအစီအစဉ်မှတစ်ဆင့်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တိုင်းတွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်နိုင်ရေးအတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခဲ့ပါသည်။ ရပ်ရွာလူထုနှင့် ပါဝင်ပတ်သက်သူအားလုံးကို ၎င်းတို့၏ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက် ဆန်းစစ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းတို့တွင် ပါဝင်ရန်လည်း တိုက်တွန်းအားပေးခဲ့ပါသည်။

LWF မြန်မာသည် အားလုံး ပူးပေါင်းပါဝင်နိုင်ပြီး လူမှုအခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြင့်တင်ပေးရေး လုပ်ငန်းစဉ်တွင် ကယ်ဆယ်ရေးစနစ်၊ စီမံခန့်ခွဲရေး ကော်မတီများ (CMC)၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ (VDC) နှင့် အခြားသော အဖွဲ့များကဲ့သို့ လူထုအခြေပြု စွမ်းဆောင်ရည်မြင့်မားသော အဖွဲ့များ ဖွဲ့စည်းပေးခြင်းလည်း ပါဝင်ပါသည်။ အဆိုပါ အဖွဲ့များမှာ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ၎င်းတို့ကိုယ်တိုင် တစ်ဖြည်းဖြည်းနှင့် ပြီးဆုံးသည်အထိ စီမံဆောင်ရွက်နိုင်ရေး၊ ၎င်းတို့၏ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို တိတိကျကျ သိရှိလာနိုင်ရေး လုပ်ငန်းကိုလည်း စွမ်းဆောင်ရည်မြင့်တင်ပေးမှုတွင် ထည့်သွင်းထားပါသည်။ တစ်ချိန်တည်းမှာပင် ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးရမည့်သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များကို ရပ်ရွာလူထုက ရှာဖွေရယူနိုင်စွမ်း တိုးတက်အောင်လည်း ဆောင်ရွက်ပေးပါသည်။ ထို့ကြောင့် ထိုအဖွဲ့အစည်းများ ရေရှည်တည်တံ့ရေး အရေးပါသောဖွဲ့စည်းမှုများ၊ မူဝါဒများ၊ လမ်းညွှန်ချက်များ ခိုင်မာတိုးတက်လာစေရန် လှုပ်အဖွဲ့အစည်း တစ်ခုစီတိုင်းကို ပူးပေါင်းပါဝင်သောနည်းလမ်းဖြင့် ကူညီပံ့ပိုးရေးကို LWF မြန်မာက စူးစိုက်လုပ်ဆောင်လျက်ရှိပါသည်။ နစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ရေး၊ မိတ်ဖက်ဆက်ဆံရေး ဖြစ်လာအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် အခွင့်အရေး ခံစားခွင့်ရှိသူများနှင့် ထိုအခွင့်အရေးများကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများ အတူအက္ပ ပူးပေါင်းဆောင်ရွက်လာစေရန်လည်း မိမိတို့က တိုက်တွန်းအားပေးပါသည်။

အိမ်ထောင်စုတွင်းအစီအမံများ ဖွံ့ဖြိုးလာရေးနှင့် စီမံခန့်ခွဲရေးတွင် ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ ဒေသခံများ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်နိုင်ရန် အခွင့်အရေး ခံစားခွင့်ရှိသူများ၏ လုပ်ဆောင်နိုင်စွမ်း အားကောင်းလာအောင် LWF မြန်မာက ဆောင်ရွက်ပေးပါသည်။ ဤရည်ရွယ်ချက်များအပြင် ဝန်ဆောင်မှုများ ရယူခံစားခွင့်ရှိရေး၊ အရင်းအမြစ်များ ထိန်းချုပ်ရေးတို့ လုပ်ဆောင်နိုင်ရန် အခွင့်အရေး ခံစားခွင့်ရှိသူများနှင့် ဧစ္စစပ်ဆွေးနွေးညှိနှိုင်းမှုကိုလည်း မိမိတို့က အလေးထားလုပ်ဆောင်ပါသည်။ အခြားတစ်ဖက်တွင် LWF သည် ပြည်သူလူထု ကြိုးတွေ့ရသည့် စိန်ခေါ်မှုအခက်အခဲအများကို အချိန်မီ ထိထိရောက်ရောက် ဖြေရှင်းနိုင်ရန်အတွက် အဆင့်တိုင်းတွင် မိတ်ဖက်အဖွဲ့များ၊ မဟာမိတ်အဖွဲ့များနှင့် ခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေးကိုလည်း အာရုံစိုက် လုပ်ဆောင်ပါသည်။

လူထုနှင့် အစိုးရအကြား အားကောင်းသောပူးပေါင်းဆောင်ရွက်မှုဖြစ်လာစေရန် LWF မြန်မာသည် မြို့နယ်အဆင့် ညှိနှိုင်းဆွေးနွေးရေး အစည်းအဝေးများမှတစ်ဆင့် သင့်လျော်သည် ဆက်ဆံရေးနည်းလမ်းတစ်ခုကို ဖော်ဆောင်ထားပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင်များ အဆိုပါအစည်းအဝေးများတွင် ပါဝင်ကာ အောက်ခြေအဆင့်တွင် ၎င်းတို့ တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြဆွေးနွေးနိုင်အောင်လည်း ပံ့ပိုးကာ စီစဉ်ထားပါသည်။ ထို့ပြင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာရေးအတွက် ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ လိုအပ်သည်များ ရရှိအောင် ဆောင်ရွက်မှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ အရင်းအမြစ်များ ရှာဖွေရေးဆောင်းမှု၊ ဆွေးနွေးနှစ်သိမ့်မှု၊ မှတ်တမ်းများသိမ်းဆည်းမှု၊ တာဝန်ခံမှုနှင့် ရန်ပုံငွေခွဲဝေသုံးစွဲမှု စသည့်နယ်ပယ်များတွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၏လုပ်ကိုင်နိုင်စွမ်းကို တိုးတက်အောင်လည်း မိမိတို့က ဆောင်ရွက်ပေးပါသည်။

(ပုံပြင် - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/ ၂၀၁၆)

ဘိုကုန်းကျေးရွာ သည် ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်အနီးတွင် တည်ရှိပြီး LWF မြန်မာ၏ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မိတ်ဖက် ကျေးရွာဖြစ်ပါသည်။ အဆိုပါကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၆) စုနှင့် လူဦးရေစုစုပေါင်း (၅၆၇) ဦး ရှိပါသည်။ ပြည်သူလူထုကို အဓိကထားပြီး အားလုံးပူးပေါင်းပါဝင်စေသော လူအခွင့်အရေး အခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနည်းလမ်းဖြင့် LWF သည် ကျေးရွာအတွင်း လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းကာ အားကောင်းလာစေရန်အတွက် ပံ့ပိုးပေးခြင်း၊ ဆင်းရဲမှုမှ လွတ်မြောက်ရေး မူဝါဒများကို အစိုးရအသင်းအဖွဲ့များနှင့် အဆင့်တိုင်းတွင်ဆွေးနွေးရေး တိုက်တွန်းအားပေးခြင်း၊ လိုအပ်သည့်နည်းလမ်းများကို ပံ့ပိုးပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးပါသည်။

ဘိုကုန်းကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ ယခင် ဥက္ကဋ္ဌဟောင်းဖြစ်ပြီး လက်ရှိ နာယကအဖြစ် ဆောင်ရွက်နေသည့် ဦးအောင်သိန်းနိုင် (၄၄ နှစ်) က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အေ-ဂက်ပါအတိုင်း ဖွင့်ပြောခဲ့သည်။

"အရင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီလို စနစ်ကျတဲ့ အဖွဲ့မျိုး မရှိတာကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရဝန်ကြီးဌာနတွေနဲ့ ဘယ်လိုပူးပေါင်း ဆောင်ရွက်ရမလဲဆိုတာမသိခဲ့ပါဘူး။ ဒါကြောင့် အလုပ်တွေ ပြီးမြောက်ဖို့အတွက် အခက်အခဲတွေ၊ နေ့ခင့်နေ့ကြန့်ကြာမှုတွေ တော်တော်လေး ရှိခဲ့ပါတယ်။ LWF မြန်မာ ရောက်လာပြီး ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ စနစ်တကျဖွဲ့စည်းတဲ့နည်းလမ်းကို မိတ်ဆက် သင်ကြားပေးတယ်။ ပြီးတော့ ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေအတွက်လေကျင့် သင်ကြားပေးမှုကို လည်း ဆောင်ရွက်ပေးပါတယ်။ ရလဒ်အနေနဲ့ ကျွန်တော်တို့ဟာ အစိုးရဌာနတွေ၊ ဝန်ကြီးဌာနတွေနဲ့ လုပ်ငန်းပိုင်းဆိုင်ရာဆက်ဆံရေး ခိုင်မာလာတယ်။ ကျွန်တော်တို့ရွာမှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တော်တော် များများကိုလည်း စီမံဆောင်ရွက်နိုင်ခဲ့ပါတယ်။"

လူထုတွင် အုပ်ချုပ်ရေးပိုင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပိုင်းဆိုင်ရာ အသိပညာများ တိုးတက်လာခြင်း၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ လည်ပတ်လာကာ ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွင် ဦးဆောင်လာနိုင်ခြင်း၊ ညီနှိုင်းဆောင်ရွက်လာနိုင်ခြင်းတို့၏ ရလဒ်များကြောင့် ၄င်းတို့မှာ လက်ရှိတွင် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်ချက်ပန်းတိုင်သို့ ရောက်ရှိရန် ရပ်ရွာလူထုအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်ပေးမှုလုပ်ငန်းစဉ်များကို ကိုယ်တိုင် စီမံခန့်ခွဲ လုပ်ဆောင်လာနိုင်ပြီဖြစ်သည်။

"အရင်ကထက်ပိုပြီး ကျွန်တော်တို့ဟာ အဖြင်တွေပွင့်လာတယ်။ ပြီးတော့ LWF က သင်ပေးတဲ့ စွမ်းဆောင်ရည်မြှင့်တင်မှု နည်းလမ်းတွေနဲ့ ကျွန်တော်တို့ကိုယ်တိုင် ဆွေးနွေးတိုင်ပင် အစီအစဉ်ဆွဲပြီး ကျွန်တော်တို့ ကျေးရွာရဲ့ လိုအပ်ချက်တွေ၊ အခွင့်အရေးတွေအတွက် အစိုးရဝန်ကြီးဌာနတွေနဲ့ ဘယ်လိုညှိနှိုင်းဆောင်ရွက်ရမလဲဆုတာလည်း သိလာပါပြီ။ ရွာရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စတွေအတွက် သက်ဆိုင်ရာကဏ္ဍတွေမှာ ညီနှိုင်းဆောင်ရွက်ဖို့ လုပ်ဆောင်နိုင်စွမ်းကို အခြေခံပြီး ကျွန်တော်တို့ဟာ တာဝန်ခံတွေကို သတ်မှတ်ပေးထားပါတယ်" ဟု ဦးအောင်သိန်းနိုင်က ထည့်သွင်းပြောကြားခဲ့သည်။

ကျေးလက်လူထု၏ လုပ်ဆောင်နိုင်စွမ်း၊ အရင်းအမြစ်ရရှိမှု၊ စီစဉ်ထားသောလုပ်ငန်းများ အောင်မြင်ရန် အလားအလာရှိမှုတို့အပေါ် မူတည်၍ LWF Myanamr ၏ စီမံကိန်းအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပါဝင်ရမည့် လုပ်ငန်းများကို ရွေးချယ်ကာ ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာထောက်ပံ့ပေးခြင်း သို့မဟုတ် ကွန်ယက်ဖွဲ့ ညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံအကောင်အထည်ဖော်မှုတွင် ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပိုမိုနိုင်မာသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပေါ်လာရန်အတွက် မိမိတို့အဖွဲ့က အခွင့်အလမ်းများကို ရှာဖွေဖော်ဆောင်ပေးပါသည်။ အခွင့်အရေးခံစားခွင့်ရှိသူများနှင့် ထိုအခွင့်အရေးကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများအကြား အတူတကွ ပူးပေါင်းဆောင်ရွက်စေခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်စလုံး အပြန်အလှန် စွမ်းဆောင်ရည် မြှင့်တင်ပေးရာလည်း ရောက်ပါသည်။

ကျေးရွာအဆင့် အဖွဲ့အစည်းများ၊ အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်မှုမှာ ဂုဏ်သိက္ခာရှိသော၊ ရေရှည်တည်ငြိမ်သောဘဝများ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ရရှိစေပြီး၊ အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းက ရပ်ရွာလူထု၏ အခွင့်အရေးများ အလေးထားခံရကာ၊ ကာကွယ်ပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို ဖြစ်လာစေပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ၊ ဘိုကလေးမြို့နယ်၊ ဘိုကုန်းကျေးရွာရှိ ကျေးလက်ဖွံ့ဖြိုးရေးကောင်စီတင်ပြချက်များမှ ဒေသခံဖွံ့ဖြိုးရေးအစီအမံများ အတူတကွရေးဆွဲနေကြစဉ်။ (မူပိုင် - LWF မြန်မာ/အိုက်ဝက်ကျော်ထွန်းလှ/ ၂၀၁၆)

သဲအိမ်ချောင်းစုရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက "တစ်ချိန်က ကျွန်တော်တို့ရွာရဲ့ လမ်းမကြီးဟာ ဇွတ်ထနေတာကြောင့် သွားရလာရတာ တော်တော်ခက်ခဲပါတယ်။ ဒါပေမယ့် ဒီအခြေအနေက အခုတော့ ပြောင်းလဲသွားပါပြီ။ အခုဆိုရင် ကျွန်တော်တို့ရွာအတွင်းမှာ ကားတွေ၊ ဆိုင်ကယ်တွေ မောင်းနိုင်နေပါပြီ။ LWF မြန်မာဟာ အစိုးရဌာနတွေနဲ့ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါက ကျွန်တော်တို့ရွာအတွက် ကောင်းမွန်တဲ့ အပြောင်းအလဲဖြစ်ခဲ့ပြီး နောက်လာမယ့်မျိုးဆက်ကို ဆက်လက်လက်ဆင့်ကမ်းပေးနိုင်မယ့် အမွေအနှစ်လည်း ဖြစ်ပါတယ်" ဟု ထပ်လောင်းပြောကြားခဲ့သည်။

သဲအိမ်ချောင်းစုကျေးရွာမှ ကျေးလက်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းမှ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်လာမှုများအကြောင်း ပြောကြားပေးနေစဉ်။ (မူပိုင် - LWF မြန်မာ/အိုက်ဝက်ကျော်ထွန်းလှ/ ၂၀၁၆)

ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ခြင်း

LWF မြန်မာသည် လယ်ယာစိုက်ပျိုးရေးနှင့် အခြား အသက်မွေးဝမ်းကျောင်းနည်းလမ်းများနှင့် ဆက်စပ်လျက်ရှိသော ဝင်ငွေ၊ စားနပ်ရိက္ခာ၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးတို့ကို ထောင်စုနစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (MDGs) တွင် ဖော်ပြထားထားသည့်အချက်ပါအတိုင်း ဆင်းရဲနွမ်းပါးသူများ၏ စားနေပရိက္ခာဖူလုံရေး တိုးတက်လာစေရန် ဆောင်ရွက်ပေးပါသည်။ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်စဉ်တွင် ပါဝင်ပတ်သက်သူများနှင့် ပြည်သူများကြား အခက်အခဲများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုအခွင့်အလမ်းများဖန်တီးပေးကာ၊ သူတို့ကြား ဒေါင်လိုက်နှင့်အလျားလိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းနှစ်ခုလုံးကို ပံ့ပိုးပေးကာ ၄င်းတို့အကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ဆောင်ရွက်ပေးပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စားနပ်ရိက္ခာဖူလုံရေးမှာ ကျေးလက်ဒေသပြည်သူများအတွက် အထူးသဖြင့် LWF က စီမံကိန်းဆောင်ရွက်နေသော ဒေသများ၏ အဓိကစိန်ခေါ်မှုဖြစ်သည်ကိုသိရှိထားသောကြောင့် LWF Myanmar သည် ဦးတည်လူထုများတွင်ရေရှည်တည်တံ့ပြီး၊ရွေ့ချယ်မှုရှိသောအသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေး နည်းလမ်းများ တိုးတက်လာအောင် အာရုံစိုက် လုပ်ဆောင်ပါသည်။

၂၀၁၆ ခုနှစ်တွင် LWF မြန်မာနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကာ မြစ်ဝကျွန်းပေါ်ဒေသ၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တိုးတက်ရေးစီမံကိန်း (PIWL)၊ လူအခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း (RBEP)၊ လူထုစားနပ်ရိက္ခာဖူလုံရေး စီမံကိန်း (EFRC)၊ ACT ပူးတွဲစီမံကိန်း (ACT Joint Project) တို့က ရန်ပုံငွေ ထောက်ပံ့ပေးပါသည်။ မြစ်ဝကျွန်းပေါ် ဒေသအတွက် သင်တန်းများကို ရန်ကုန်တွင် (၁၀) ရက်ကြာ စီစဉ်ပေးခဲ့ပြီး ဖျာပုံတွင် (၅) ရက် အားသစ်လောင်းမွမ်းမံသင်တန်း ပြုလုပ်ပေးခဲ့ပါသည်။ စုစုပေါင်း ဒေးဒရဲမှ အမျိုးသမီး (၁၃) ဦး၊ ဖျာပုံမှ အမျိုးသမီး (၁၁) ဦး၊ ဘိုကလေးမှ အမျိုးသမီး (၆) ဦး တို့မှာ ထိုသင်တန်းများမှ အကျိုးကျေးဇူးများ ခံစားခဲ့ရပါသည်။ ချင်းပြည်နယ်တွင် မင်းတပ်နှင့် မတူပီမြို့များ၌ သင်တန်းကို ၂ ကြိမ်ဆောင်ရွက်ခဲ့ပါသည်။ တက်ရောက်သူ (၅၁) ဦး (ကျား ၄၅ ဦးနှင့် မ ၉ ဦး) ရှိခဲ့ပြီး၊ ဝက်မွေးမြူရန်အတွက် အိမ်ထောင်စု (၄၅) စုကို ပံ့ပိုးကူညီပေးခဲ့ပါသည်။ ကရင်ပြည်နယ်၊ ဖားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် ကြာအင်းဆီပ်ကြီး မြို့နယ်များတွင် ထိုသင်တန်းပေးကို (၃) ကြိမ် ပြုလုပ်ပေးခဲ့ပြီး၊ ဝိတ်ဖက် အိမ်ထောင်စုများမှ မိသားစုဝင် (၅၈) ဦး (ကျား ၄၀ ဦးနှင့် မ ၁၈ ဦး) မှာ သင်တန်းကြောင့် အကျိုးဖြစ်ထွန်းခဲ့ပါသည်။ ဝိတ်ဖက်အိမ်ထောင်စုများမှာ ဝက်၊ ဆီတာ၊ ကြက်၊ နွားမွေးမြူရေး နည်းလမ်းများကို တတ်မြောက်ခဲ့ပါသည်။ ရွာသူရွာသားများနှင့် သက်ဆိုင်ရာ အစိုးရဦးစီးဌာနများအကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးရရှိရန် ရည်ရွယ်၍ ထိုသင်တန်းများကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

LWF သည် မြစ်ဝကျွန်းပေါ်ဒေသတွင် နှစ်ရှည်သီးနှံစိုက်ပျိုးရေး (၃) ရက်ကြာ သင်တန်းကို စီစဉ်ပေးခဲ့ပြီး အမျိုးသမီး (၆၀) အတွက် ပျိုးပင် (၆၁၇) ခုကို ထောက်ပံ့ပေးခဲ့ပါသည်။ မင်းတပ်မြို့နယ်တွင် ကျေးရွာပေါင်း ၁၃ ရွာမှ အမျိုးသမီး (၂၇) ဦးအတွက် ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ထုတ်လုပ်မှု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ စပျစ်သီးနှင့် စတော်ဘယ်ရီ စိုက်ပျိုးရေးသင်တန်းကို မင်းတပ်နှင့် မတူပီတို့တွင် ပြုလုပ်ခဲ့ပြီး ဒေသခံ (၈၀) ဦးသည် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ရရှိခဲ့ပြီး၊ (၇၆) ဦးမှာ အရည်အသွေး ကောင်းမွန်သည့် မျိုးစေ့များကို ရရှိခဲ့ပါသည်။ ချင်းပြည်နယ်သည် တောင်တန်းဒေသတွင် တည်ရှိသောကြောင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး သင်တန်းများအတွက် ဒေသခံပြည်သူများမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ပါသည်။ LWF မြန်မာသည် မင်းတပ်နှင့် မတူပီတို့တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးသင်တန်းများကို (၅) ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး လူပေါင်း (၁၁၀) ဦး (ကျား ၉၂ ဦးနှင့် မ ၁၈) ဦး တက်ရောက် သင်ယူခဲ့ပါသည်။ ထိုပြင် မတူပီမြို့နယ်ရှိ ရွာပေါင်း (၁၄) ရွာမှ လူငယ် (၁၄) ဦးကိုလည်း ဓော်တော်ဆိုင်ကယ် ပြုပြင်ရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

လှမ္ဘူဝန်ထမ်း ဦးစီးဌာနနှင့် ပူးပေါင်းကာ LWF Myanmar သည်မြစ်ဝကျွန်းပေါ် ဒေသများမှ အမျိုးသမီးများအတွက် တစ်လတာကြာမြင့်သည့် စက်ချုပ်သင်တန်းကို စီစဉ်ပေးခဲ့ပါသည်။ ကျေးလက်ဒေသ ပြည်သူလူထုအတွက် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ အခွင့်အလမ်းများ အားကောင်းလာစေရေးကို မျှော်မှန်းကာ ထိုသင်တန်းများ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း ထိုသင်တန်းမှ အမျိုးသမီး (၁၂) ဦး အကျိုးခံစားခဲ့ရပါသည်။

(မူပိုင် - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/ ၂၀၁၆)

(မူပိုင် - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/ ၂၀၁၆)

မင်းတပ်မြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဒေါ်လိန်းမှ မိမိစိုက်ခင်းတွင် ပျိုးထားသော ၀ ၃ စိုက်ပျိုးခြင်းအကြောင်း ရှင်းလင်းပြောကြားပေးနေစဉ်။
(ရေပိုင် - LWF မြန်မာ/အိုက်ဝက်ကော်ထွန်းလှ/၂၀၁၆)

၀, ၃ စိုက်ပျိုးခြင်း

သရက်ကုန်းကျေးရွာမှာ ချင်းပြည်နယ်ရှိ မင်းတပ်မြို့နယ်တွင် တည်ရှိပြီး၊ထိုရွာ၏ အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း ဖြစ်ပါသည်။ LWF မြန်မာ၏ ကူညီပံ့ပိုးပေးမှုဖြင့် အသက် (၃၆) နှစ်အရွယ် ဒေါ်လင်းလိန်မှာ ၀ ဥစိုက်ပျိုးမှုကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည်။ သူမသည် အသက် ၃ နှစ်အရွယ် သားငယ်ကို ပြေစုပျိုးထောင်နေရသော မုဆိုးမတစ်ဦး၊ဖြစ်ပြီး စိုက်ပျိုးလုပ်ငန်း လုပ်ကိုင်သည့် တစ်ချိန်တည်းမှာပင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၌ ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။

ဒေါ်လင်းလိန်မှာ လွန်ခဲ့သည့်နှစ်များစွာက ဥယျာဉ်ခြံ စိုက်ပျိုးချင်သော်လည်း ငွေကြေး အခက်အခဲကြောင့် သူမ၏အစီအစဉ်မှာ နောင့်နေးခဲ့ရသည်။ သို့သော်လည်း LWF မြန်မာ၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကြောင့် သူမ၏အခက်အခဲများကို ဖြတ်ကျော်နိုင်ခဲ့ပါသည်။ LWF မြန်မာက ဂ စီပံ ပေးသော ငွေစုငွေချေးအစီအစဉ်မှ ငွေချေးကာ သူမမှာ ၀,၃ စိုက်ပျိုးသည့် စီးပွားရေး လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။

"ကျွန်မက ဥယာဉ်ခြံ စိုက်ချင်တာပါ။ ဒါပေမယ့် ငွေလုံလုံလောက်လောက် မရှိတဲ့အတွက် မလုပ်နိုင်ခဲ့ပါဘူး။ LWF မြန်မာ ရောက်လာတဲ့အခါ ရွာထဲကငွေစုငွေချေး အစီအစဉ်ကနေ ငွေ ၄၀,၀၀၀ ချေးယူခဲ့ပြီး စီးပွားရေး စလုပ်ခဲ့တာပါ။ ၀,၃ (၁) ထောင်ယပ်ခဲ့ပြီး ကွန်မရဲ့ တောင်ယာထဲက ကေဝက်လောက်ရှိတဲ့နေရာမှာ စိုက်ပျိုးခဲ့ပါတယ်" ဟု ဒေါ်လင်းလန်က ပြောကြားခဲ့သည်။ ဒေါ်လင်းလန်မှာ တစ်နှစ်ကြာ စိုက်ပျိုးရိတ်သိမ်းပြီးနေလာက် ငွေကျပ် (၁) သိန်းကျော် ရရှိရန်မျှော်လင့်နေပြီး ရရှိသော အကျိုးအမြတ်များဖြင့် စိုက်ပျိုးမှုကို တစ်ကေဝကျော်အထိ တိုးချဲ့ရန်လည်း အစီအစဉ်ရှိနေသည်။

LWF မြန်မာ၏ နည်းပညာနှင့် လိုအပ်သည့်အရာများကို ထောက်ပံ့ပေးမှုဖြင့် ဒေါ်လင်းလန်မှာ မိသားစု စီးပွားရေးလုပ်ငန်းကို စီမံခန့်ခွဲနိုင်ခဲ့ပြီး။ ထိုလုပ်ငန်းစဉ်အတွင်း တွက်ချက်ရေးပညာရပ်၌ ပိုမိုကျွမ်းကျင်လာသောကြောင့် ကျေးရွာ၏ ဘဏ္ဍာရေးမှူးအဖြစ် ကျည်ဆောင်ရွက်ပေးလာနိုင်သည်။ ဒေါ်လင်းလိန်ကဲ့သို့ပင် အခြားသော အကျိုးဖြစ်ထွန်းသူများမှာ၄င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ပိုမိုတက်ရုံသာမကဘဲ၊ ရင်ရွာလူထုအတွင်း ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များတွင်ပါ ပါဝင်ကူညီ ဆောင်ရွက်လာနိုင်ကြပါသည်။

ကျေးရွာအခြေပြုကျန်းမာရေးစေတနာ့ဝန်ထမ်းဖြင့် ရင်ရွာလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားမြှင့်တင်ဆောင်ရွက်ခြင်း

LWF မြန်မာသည် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှု စနစ်၊ သန့်ရှင်းသောရေနှင့် တစ်ကိုယ်ရေကျန်းမာရေး (WASH) လိုအပ်ချက်များကို ဦးတည်လူ့အဖွဲ့အစည်းက ပိုမို ရရှိခံစားနိုင်စေရန် ရင်ရွာလူထု၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းဒေသရှိ ရင်ရွာလူထုရင်ဆိုင်နေရသည့်စိန်ခေါ်မှုကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

၂၀၁၆ ခုနှစ်တွင် LWF မြန်မာသည် သန့်ရှင်းသောရေနှင့် တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ ပစ္စည်းများကို မတူပီမြို့နယ်အတွင်းရှိ မိတ်ဖက်အိမ်ထောင်စု (၅၃) စုထံ ပေးအပ်ခဲ့ပါသည်။ မင်းတပ်မြို့ရှိ ကျန်းမာရေးစေတနာ့ဝန်ထမ်း ၂၀ ဦး (ကျား ၁၃ ဦး၊ မ ၇ ဦး)၊ မတူပီတွင် ကျေးရွာ (၂၀) မှ ကျန်းမာရေးစေတနာ့ဝန်ထမ်း (၂၈) ဦးအတွက် အားသစ်လောင်းမွမ်းမံသင်တန်းကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ပူးပေါင်းကာ LWF မြန်မာက ပင်ကြားကူညီဆောင်ရွက်ပေးခဲ့သည်။ လက်ရှိတွင် ချင်းပြည်နယ်ရှိ ကျေးရွာတိုင်းတွင် ကျန်းမာရေးစေတနာ့ဝန်ထမ်း (၂) ဦးစီကို ခန့်အပ်တာဝန်ပေးထားပါသည်။ ထို့ပြင် ကရင်ပြည်နယ်ရှိ မြိုနယ်သုံးမြို့နယ်တွင် မြို့နယ်အဆင့် တစ်ကိုယ်ရေကျန်းမာရေး၊ WASH နှင့် သက်ဆိုင်သော သင်တန်းများကို မြို့နယ်ကျန်းမာရေး အရာရှိများနှင့် ပူးပေါင်းကာ (၃) ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ထိုသင်တန်းများကို စုစုပေါင်း ပြည်သူ ၆၉ ဦး (ကျား ၂၄ ဦး၊ မ ၄၅ ဦး) တက်ရောက် သင်ယူခဲ့ပါသည်။ ရေလောင်းအိမ်သာ တည်ဆောက်ပေးရေ လုပ်ငန်းကိုလည်း ကရင်ပြည်နယ်ရှိ ကျေးရွာ (၆)ရွာတွင် ဆောင်ရွက်ခဲ့ပြီး အိမ်ထောင်စုပေါင်း (၁၃၂)စု အကျိုးကျေးဇူးခံစားခဲ့ရပါသည်။

ကျေးလက်ကျန်းမာရေးစေတနာ့ဝန်ထမ်း ဒေါ်ရွှေစန်း (၂၅ နှစ်) သည် အမ်ဆွေး (၁) ရွာတွင် ခင်ပွန်း ဦးဝန်ဘွေ (၂၆ နှစ်)၊ သားနှစ်ဦးဖြစ်သူ ဘွေစန်းထန် (၅ နှစ်) မောင်ဝိုင်ကျော်နေဆန်း (၅ နှစ်) တို့နှင့်အတူ နေထိုင်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၆) စုရှိပြီး လူပေါင်းရေ (၃၇၈ ဦး) (ကျား ၁၈၅ ဦး၊ မ ၂၀၃ ဦး) ရှိပါသည်။ ကျေးရွာသည်မတူပီမြို့နှင့် (၁၂) ခွဲင်အကွာတွင်ရှိပြီး မော်တော်ဆိုင်ကယ်ဖြင့် သွားပါက ရာသီအလိုက် ၁ နာရီခွဲမှ ၂ နာရီအထိ ကြာမြင့်တတ်သည်။

ဒေါ်ရွှေစန်းက အတတ်ပညာသစ်တစ်ခုကို သင်ယူကာ ကျေးရွာအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးရန် စိတ်အားထက်သန်သူ ဖြစ်သည်။ သူမမှာ ဈေးဆိုင်ငယ်လေးတစ်ခု ဖွင့်ထားပြီး၊ ကျေးလက်ကျန်းမာရေး ပွဲဖြိုး တိုးတက်မှုကော်မတီတွင် ပါဝင်ကာ ရင်ရွာအတွက် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် ပေးနေသည်။ သူမ၏ အတွေ့အကြုံကို ယခုကဲ့သို့ မျှဝေခဲ့သည်။

"ရွာမှာကျန်းမာရေးစေတနာ့ဝန်ထမ်းအဖြစ်မဆောင်ရွက်ခင်က ဓာတ်ဆားထုပ်ကိုတောင် ဘယ်လို အသုံးပြုရမလဲဆိုတာ ကျွန်မ မသိပါဘူး။ ဒါပေမယ့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလက မတူပီမှာလုပ်တဲ့ အခြေခံကျန်းမာရေး စောင့်ရှောက်မှု (၅) ရက်ကြာသင်တန်းကို တက်ပြီးတဲ့အခါမှာ အခြေခံကျန်းမာရေး စောင့်ရှောက်မှုနဲ့ပတ်သက်ပြီး သိလာပါတယ်"

"ခြင်ထောင်တွေ ထောင်အိပ်တာ၊
ခြင်ပေါက်ပွားနိုင်တဲ့နေရာတွေကို
ရှင်းလင်းဖယ်ရှားတာမျိုးတွေလို ခြင်ကိုက်ခံရမှုကို
ကာကွယ်တဲ့ အလေ့အကျင့်ကောင်းတွေကိုလည်း
ရပ်ရွာလူထုက ကျင့်သုံးနေကြပါပြီ။
သူတို့ ဒီလို တိုးတက်လာတာကို မြင်ရတာ
တကယ့်ကို ကြည်နူးမိပါတယ်။"

ကျေးရွာမှာ ငေးလံပြီး၊ တောင်ပေါ်တွင် တည်ရှိသောကြောင့် ၄က်ဖျား ရောဂါ၊ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်အဆုပ်နာရောဂါများမှာအဖြစ်အများဆုံး ရောဂါများဖြစ်သည်။ ထိုကျန်းမာရေးအန္တရာယ်များ လျော့ပါးရေးအတွက် သူမ၏ ဆောင်ရွက်မှုများကိုလည်း ဒေါ်ရွှေစန်းက ပြောပြခဲ့သည်။

"ချင်းရိုးရာအစဉ်အလာဖြစ်နေတာကြောင့် အရင်က တစ်ချို့လူတွေဟာ ရေလောင်းအိမ်သာကို မသုံးကြပါဘူး။ ဒါ့ကြောင့် ကျွန်မက လူကြီးတွေနဲ့ ပုံမှန်တွေ့ဆုံတဲ့အချိန်၊ ကျောင်းမှာ ကလေးတွေကို စကားပြောရတဲ့အချိန်တွေမှာ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ၄က်ဖျား၊ ကူးစက်ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အခြားရောဂါတွေအကြောင်းကို အသိပညာပေးပါတယ်။ တစ်ခါတစ်ရံမှာ မျိုးဆက်ပွားကျန်းမာရေးအကြောင်းနဲ့ ကူးစက်ရောဂါအကြောင်း၊ မိတ်ဖတ် အိမ်ထောင်စုတွေနဲ့ ပူးပေါင်းပြီး ကူးစက်ရောဂါတွေကို ဘယ်လို ကာကွယ်တားဆီးရမလဲဆိုတဲ့ အကြောင်းကိုလည်း အချိန်ယူပြီး ရှင်းပြပါတယ်။ အခုဆိုရင် ရွာသူရွာသားတွေဟာ သန့်ရှင်းတဲ့ သောက်သုံးရေအတွက် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို သိရှိနေပြီ။ ရေကို ကျိုချက် သောက်သုံးတာဟာ လေ့ဝတ်စံဝင်လို ဖြစ်နေပါပြီ။ ကလေးတွေကလည်း သူတို့ရဲ့ လက်သည်းခြေသည်းတွေကို ပုံမှန်ညှပ်ကြပါတယ်။ သူတို့ကိုယ်တိုင် မညှပ်နိုင်ဘူးဆိုရင် ကျောင်းမှာ စကားပြောပြီးတဲ့အခါ သူတို့ကို ကျွန်မ ကူညီပေးပါတယ်။ ခြင်ထောင်တွေ ထောင်အိပ်တာ၊ ခြင်ပေါက်ပွားနိုင်တဲ့နေရာတွေကို ရှင်းလင်းဖယ်ရှားတာမျိုးတွေလို ခြင်ကိုက်ခံရမှုကို ကာကွယ်တဲ့ အလေ့အကျင့် ကောင်းတွေကိုလည်း ရပ်ရွာလူထုက ကျင့်သုံးနေကြပါပြီ။ သူတို့ ဒီလို တိုးတက်လာတာကို မြင်ရတာ တကယ့်ကို ကြည်နူးမိပါတယ်။"

LWF မြန်မာသည် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ လိုလိုလားလား ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများ၊ နှစ်စဉ် အားသစ်လောင်းမွမ်းမံသင်တန်းများ ဖွင့်ပေးခြင်း၊ အသိပညာပေးအတွက် လက်ကမ်းစာစောင်များ ဝေဒေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံချုပ်အနေဖြင့် ဒေါ်ရွှေစန်းက သူမ၏ အတွေ့အကြုံကိုယခုကဲ့သို့ မျှဝေခဲ့သည်။ "အရင်သင်တန်းတွေမှာ ကာကွယ်တားဆီးရေနဲ့ ပတ်သက်ပြီးတော့ပဲ အများဆုံး သင်ခဲ့ရတယ်။ အခုတော့ ဘယ်လိုကုသရမလဲ ဆိုတာကိုပါ ထပ်ပြီး သင်ယူဖို့ စိတ်အားထက်သန်နေပါတယ်။ သင်တန်းတွေ၊ အားသစ်လောင်းမွမ်းမံသင်တန်းတွေ၊ လက်ကမ်းစာစောင်တွေ ဝေဒေးတဲ့ အတွက် LWF မြန်မာကို ကျေးဇူးတင်ပါတယ်ရှင်။"

ကျေးလက်ကျန်းမာရေးစေတနာ့ဝန်ထမ်း ဒေါ်ရွှေစန်းမှ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ အမ်ဆွေး (ဘီ)ကျေးရွာမှ ကလေးများအား တက်ကိယ်ရည်သန့်ရှင်းရေးအတွက် လက်သည်းများ ညှပ်ပေးနေစဉ်။ (ရေပိုင် - LWF မြန်မာ/အိုက်ဝက်ကော်ထွန်းလှ/၂၀၁၆)

အရေးပေါ်ကာလများအား တုန့်ပြန်ခြင်းနှင့် သဘာဝဘေးစီမံမှုဆိုင်ရာတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(မုဒိုင် - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/ ၂၀၁၆)

မြန်မာနိုင်ငံသည် ရေကြီးခြင်း၊ လျင်လှုပ်ခြင်း၊ ဆူနာမီ၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးခေါင်းခြင်းနှင့် မီးလောင်ခြင်းတို့ကြောင့် ဖြစ်ပွားသော သဘာဝဘေးများကို ခံစားရလေ့ရှိသည့် နိုင်ငံဖြစ်သည်။ လူ့အခွင့်အရေးအမြေပြေ စွမ်းဆောင်ရည်မြင့်တင်ခြင်း စီမံကိန်းအရ သဘာဝဘေးအန္တရာယ် လျော့ပါးရေး၊ အရေးပေါ်ကာလ ကြိုတင်ပြင်ဆင်ရေးနှင့်တုန့်ပြန်ခြင်းအစီအစဉ်ဖြင့် LWF မြန်မာသည် မြစ်ဝကျွန်းပေါ်ဒေသ၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်အမြေပြေ စီမံကိန်းဆောင်ရွက်နေသောရွာများတွင် ကျေးရွာအခြေပြု သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု (CBDRM) ကော်မတီခွဲ (၁၀၅) ဖွဲ့၊ လုပ်ငန်းအဖွဲ့ (Task Force) (၅) ခုတို့ကို ဖွဲ့ရည်းပေးခဲ့ပါသည်။ ထိုအစီအစဉ်တွင် သဘာဝဘေးကြောင့် ဖြစ်သော ဆိုးကျိုးများကို လျော့ပါးအောင်ဆောင်ရွက်ခြင်းနှင့် တုန့်ပြန်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကိုလိုက်၍လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများ စီမံခန့်ခွဲခြင်းတို့အတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းစနစ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးမှုလည်းပါဝင်ပါသည်။

ရပ်ရွာအခြေပြုသဘာဝဘေးစီမံခန့်ခွဲရေးလေ့ကျင့်သင်ကြားပေးမှုသည် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၊ မိတ်ဖက်အဖွဲ့ဝင် အိမ်ထောင်စုများအားလုံးနှင့် ရပ်ရွာလူထု တစ်ရပ်လုံးကို သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ကောင်းစွာ သိရှိနားလည်စေခဲ့ပါသည်။ ထိုလေ့ကျင့်သင်ကြားမှုများက ဘေးအန္တရာယ်ကို ပူးပေါင်းရင်ဆိုင်ရေး လူထု၏ သိရှိနားလည်မှုကို အားကောင်းစေပါသည်။ ရပ်ရွာအခြေပြု သဘာဝဘေး စီမံခန့်ခွဲရေး ဆပ်ကော်မတီနှင့် မိတ်ဖက် အိမ်ထောင်စုများမှာ ဘေးအန္တရာယ်ကြောင့်ဖြစ်သည့် ဆိုးကျိုးများ လျော့ပါးစေရေး၊ ထိခိုက်ခံစား လွယ်မှုနှင့် လုပ်ဆောင်နိုင်စွမ်းရှိမှုတို့အပေါ် ဆန်းစစ်မှုကို အခြေခံသော အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ရေး စီမံကိန်းများကို ဖော်ဆောင်ရန် လုပ်ငန်းအစီအစဉ်များကိုလည်း ချမှတ်ခဲ့ကြသည်။ LWF မြန်မာသည် လုပ်ငန်းအဖွဲ့ (Task Force) များအတွက် ရေးဦးသုနာပြုစုမှုများ ဖွေရေးနှင့်ကယ်ဆယ်ရေး လေ့ကျင့်သင်ကြားပေးမှုများလည်း ပြုလုပ်ခဲ့ပါသည်။

LWF မြန်မာသည် သဘာဝဘေး အန္တရာယ် လျော့ပါးရေး (DRR) လုပ်ငန်း အတွက် အဓိကကျသောဌာနဖြစ်သည့်အဖိုးရ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (RRD) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တက်ကြွစွာ ဆောင်ရွက်ခဲ့သလို၊ မြန်မာ အစိုးရအသစ်၏ ရက် (၁၀၀) စီမံချက်တွင် ပါဝင်သော မိုးရာသီအကြို ကယ်ဆယ်ရေး လေ့ကျင့်မှုသင်တန်း (pre-monsoon mock drill) အတွက် မြန်မာနိုင်ငံဆိုင်ရာ DDR လုပ်ငန်းအဖွဲ့နှင့်လည်း ထိုနည်းတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။ LWF မြန်မာသည် နိုင်ငံတကာ သဘာဝဘေးအန္တရာယ်နေ့ (International Day of Disaster Risk) တွင် ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့် အခမ်းအနားများ ကျင်းပနိုင်ရေး ဘဏ္ဍာရေး ထောက်ပံ့မှုလည်း ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် အရေးပေါ် အခြေအနေအတွက် ပြင်ဆင်ရေးနှင့် တုန့်ပြန်ရေးစီမံချက်ကို (၃) လတိတိုင်း ACT Alliance မိတ်ဖက်အဖွဲ့များနှင့်အတူသုံးသပ်မှု၊ ပြန်လည်ပြင်ဆင်မှုများကို လုပ်ဆောင်ပါသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် တိုးတိုးမြို့နယ်ရှိ ရွှေလေ့ချောင်းကျေးရွာနှင့် သဲကုန်းကျေးရွာတို့တွင် ရေတိုက်စားမှု ဖြစ်ပွားသောကြောင့် လူနေအိမ် (၃၉) လုံး ပျက်ဆီးဆုံးရှုံးခဲ့သည်။ မြည်သူ (၁၃၉) ဦး (ကျား ၉၆ ဦး၊ မ ၄၃) ဦးမှာ အိမ်ယာမဲ့ဖြစ်သွားခဲ့ပြီး ဆွေမျိုးသားချင်းများ၏ အိမ်များတွင်ယာယီသွားရောက် နေထိုင်ခဲ့ရသည်။ LWF မြန်မာသည် အဆိုပါ ထိခိုက်ခံစားရသူများကို ရေသိုလှောင်နိုင်သည့် တိုင်ကီများ၊ အစားအသောက်များ၊ အမိုးအကာ အတွက် တာပေါ်လင်းများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ထို့ပြင် LWF မြန်မာသည် ကျေးရွာ(၁၀) ရွာမှ ကျေးရွာမှူးဖြိုးတိုးတက်ရေး ကော်မတီများ ကွန်ယက်တစ်ခုကိုဖွဲ့ပေးခဲ့ပြီး ထိုကွန်ယက်မှ ထိခိုက်ခဲ့သော အိမ်ထောင်စု တစ်စုကို ငွေကျပ် (၁၀၀၀၀) ထောက်ပံ့ခဲ့ပါသည်။ ကျေးရွာမှူးဖြိုးတိုးတက်ရေး ကော်မတီနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးကော်မတီမှအဖွဲ့ဝင် များသည်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ပါသည်။

ဆရာဦးစိုးနိုင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (RRD) ၏ ဒုတိယ ညွှန်ကြားရေးမှူးဖြစ်သည်။ သူသည် ဖျာပုံမြို့တွင် (၅) နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ခရိုင်ရှိမုတစ်ဆင့် ဖျာပုံမြို့နယ်၊တိုကလေးမြို့နယ်၊ဒေးဒဲရမြို့နယ်၊ကျိုက်လတ်မြို့နယ် များအတွက် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပေးနေသောသူ ဖြစ်သည်။

"လူသရဝေါလ် ဖက်ဒရေးရှင်း (LWF မြန်မာ) ဟာ ကျွန်တော် မရောက်ခင် ကတည်းက ဖျာပုံမှာ လုပ်ငန်းတွေ ဆောင်ရွက်နေတာပါ။ ဒီအဖွဲ့ဟာ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက် လုပ်ဆောင်တာကြောင့် လူသရဝေါလ် ဖက်ဒရေးရှင်းနဲ့ အလုပ်လုပ်ရတာဟာ တော်တော်လေး အဆင်ပြေပါတယ်။ ကျွန်တော်တို့ အတူတွဲလုပ်ခဲ့ဖူးတဲ့ မိတ်ဖက်အဖွဲ့တွေထဲမှာ LWF ဟာ ကျွန်တော် ကျေနပ်မှုအရှိဆုံး အဖွဲ့ပါပဲ။"

> "သူတို့တွေဟာ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အထူးသဖြင့် မုန်တိုင်းမလာခင် ဘာတွေပြင်ဆင်ရမလဲ၊ မုန်တိုင်းပြီးသွားတဲ့နောက်ဘာတွေကိုပြန်လည်လုပ်ဆောင်ရလဲ ဆိုတာတွေမှာ ပိုပြီးအတွေ့အကြုံပြည့်ဝလာပါတယ်။"

"LWF မြန်မာနဲ့ ပူးပေါင်းဆောင်ရွက်မှုအတွင်း ကျွန်တော်တို့ဟာ နှစ်စဉ်သရဝေါဖော်လေ့ကျင့်သင်ကြားပေးမှု (Simulation Training) တွေကို ဆောင်ရွက်ခဲ့ပြီး ရွာသားတွေနဲ့ အသိပညာဖလှယ်ရေး အစီအစဉ်တွေကနေဘဘဘေးအန္တရာယ်လျော့ပါးရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေလည်း ပိုမိုရရှိခဲ့ပါတယ်။ တစ်ခါတစ်လေမှာ ကျွန်တော်တို့ဟာ သရဝေါဖော် လေ့ကျင့်သင်ကြားမှု တစ်ခုလုံးကို သူတို့ကိုယ်တိုင် လက်တွေ့ဆောင်ရွက်ခွင့် ပေးခဲ့ပါတယ်။ ရလဒ်အနေနဲ့ သူတို့တွေဟာ အေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အထူးသဖြင့် မုန်တိုင်းမလာခင် ဘာတွေပြင်ဆင်ရမလဲ၊မုန်တိုင်းပြီးသွားတဲ့နောက်ဘာတွေ ကိုပြန်လည်လုပ်ဆောင်ရလဲဆိုတာတွေမှာ ပိုပြီးအတွေ့အကြုံပြည့်ဝလာပါတယ်။"

LWF Myanamr သည် မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ် (၄) မြို့နယ်တွင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် ပူးပေါင်းကာ ဆိုင်ကလုန်းမုန်တိုင်းနှင့် မီးလောင်မှုဆိုင်ရာ သရဝေါဖော်လေ့ကျင့်ခန်း (၄) ခုကို ဆောင်ရွက်ပေးခဲ့ပြီး ရွာပေါင်း (၅၀) မှ စုစုပေါင်း (၅၂၄) ဦး (ကျား ၂၃၇၊ မ ၂၈၇) တို့မှာ တက်တက်ကြွကြွပါဝင်ခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာပေါင်း ၁၆ ရွာတွင် မုန်းတိုင်းဇက်ခ် လေကာသစ်ပင်များစိုက်ပျိုးနေရန်အတွက် ငွေကျပ် ၉၄၇၈၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ အသိပညာမြှင့်တင်ပေးရန် ရည်ရွယ်ချက်ခြင်း ဗီဒီယိုပိုစတာများကို ဖြန့်ဖြူးခဲ့ပြီး ကျေးရွာများနှင့် မြို့လယ်ကောင်များရှိ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ချိတ်ဆွဲ ထားရှိခဲ့ပါသည်။

ဖျာပုံမြို့၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနမှ ဒု-ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က " LWF Myanmar က ဖက်စ်ဖွဲ့ပြီးရေလုပ်ဆောင်နေတာဖြစ်တဲ့အတွက် သူတို့နဲ့လက်တွဲလုပ်ဆောင်ရတာ တော်တော်အဆင်ပြေပါတယ်။" (မုဒိုင် - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/ ၂၀၁၆)

အုန်းပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက "မီးကို စနစ်ကျ ဘယ်လို ငြိမ်းရမလဲ ဆိုတာကို မီးသပ်တပ်ဖွဲ့ကနေ ကျွန်တော်တို့သင်ယူခဲ့ပါတယ်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တာဝန်ရှိသူတွေကလည်း လေပြင်းကြောင့် လေ့မမှောက်သွား တဲ့အခါ လူတွေကို ဘယ်လိုကယ်ရမလဲဆိုတာ သင်ပေးသလို၊ ဆောင်ရန်၊ ရှောင်ရန်တွေ၊ မုန်တိုင်းတိုက်ခတ်တဲ့အချိန်မှာ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ဆေးဝါးတွေကို လုံလုံခြုံခြုံ ထိန်းသိမ်းဖို့ ဘယ်လောက်အထိ လိုအပ်လဲဆိုတာကိုလည်း သင်ပေးပါတယ်။ ဒီလို လေ့ကျင့်သင်ကြားပေးမှုနဲ့ သရဝေါဖော်သန်တန်းတွေကြောင့်ကျွန်တော်တို့နဲ့ တစ်ရွာလုံးဟာ သဘာဝဘေး စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး တန်ဖိုးရှိတဲ့ အသိပညာတွေ၊ အတွေ့အကြုံတွေ အများကြီး ရရှိခဲ့ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

LWF မြန်မာ ၏ စီမံကိန်းလုပ်ငန်းများကြောင့် ထိုကျေးရွာမှာ ယခုအချိန်တွင် အစိုးရဝန်ကြီးဌာနများနှင့် ခိုင်မာသော ဆက်သွယ်ရေးကို တည်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ပြည်သူများကလည်း အစိုးရဝန်ကြီးဌာနများနှင့် စကားပြောဆိုရာတွင် ယုံကြည်မှု ပိုရှိလာခဲ့ပြီး ၎င်းတို့၏ လုပ်ဆောင်နိုင်စွမ်းများမှာလည်း တိုးတက်လာခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် ရေကြီးမှုဖြစ်ပွားပြီးနောက် ကျောင်းသားနှင့် ဆရာများပညာရေး ဆက်လက်သင်ကြားနိုင်ရေးအတွက် ကူညီပေးခြင်း

LWF မြန်မာသည် ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ တိုက်ခတ်ခဲ့သော ဆိုင်ကလုန်း ကိုမန်နှင့် နောက်ဆက်တွဲ ရေကြီးရေလွှမ်းခြင်းတို့ကိုဝန်ခံစားခဲ့ရသည့် စာသင်ကျောင်းများ၊ ကလေးသူငယ်များကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ အဆိုပါ ဆိုင်ကလုန်းနှင့် ရေကြီးရေလွှမ်းတိုးခြင်းပြည်သူ အနည်းဆုံး (၂) သိန်းမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး ပြည်နယ်တစ်ဝှမ်း ကလေးငယ် (၁၁၀၀၀) အပါအဝင် လူပြီးရေပေါင်း (၃၀၀၀၀) မှာ ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့ရပါသည်။ ဆိုင်ကလုန်းကိုမန်ကြောင့် LWF က ထောက်ပံ့ပေးထားသော စစ်တွေနှင့် ပေါက်တောမြို့မှယာယီစခန်းများကိုလည်းထိခိုက်ခဲ့ပါသည်။စခန်းများရှိစာသင်ကျောင်းများမှာ မီးလောင်ခြင်း၊ ရေကြီးခြင်းနှင့် ဆိုက်ကလုန်းမုန်တိုင်းများကဲ့သို့သောအန္တရာယ်များ ထိခိုက်လွယ်သည့် အဆောက်အဦးများ ဖြစ်ပါသည်။ ကျောင်းတက်နေသည့် ကလေးများကို ပညာရေးနှင့် ပတ်သက်သည့် ကိရိယာများ၊ ရေဦးသုနာပြုပစ္စည်းများ ထောက်ပံ့ပေးရန် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဗဟုသုတနှင့်အသိပညာပေးရန်လိုအပ်လာပါသည်။

၂၀၁၆ ခုနှစ် အစောပိုင်းတွင် LWF မြန်မာသည် ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြိုနယ်များတွင် မြို့နယ်ပညာရေးမှူး၊ ကျောင်းစီမံခန့်ခွဲရေးကော်မတီများ ၊ မိဘဆရာအသင်းများ၊ သက်ဆိုင်ရာ မြို့နယ်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ကာဆရာများနှင့်ကျောင်းသားများအတွက် ပညာရေးသင်ထောက်ကူ ပစ္စည်းများကို ထောက်ပံ့ခဲ့ပါသည်။ အစီးရေကျောင်း (၂၀) မှ စုစုပေါင်း ကျောင်းသား ၂၂၉၁ ဦး (မိန်းကလေး ၄၆ ရာခိုင်နှုန်း)၊ ဆရာ ၁၀၃ ဦး (အမျိုးသမီး ၆၇ ရာခိုင်နှုန်း) တို့မှာ သင်ထောက်ကူပစ္စည်းများကို ရရှိခဲ့ပါသည်။ ဆိုင်ကလုန်းကိုမန်နှင့်ရေကြီးမှု ၁၈၈ ခံစားခဲ့ရသော အစိုးရကျောင်းများတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းသားများနှင့် ဆရာများကို သင်ထောက်ကူပစ္စည်းများ ဖြန့်ဖြူးခြင်းမှာ အနည်းငယ်အဆင့်အခဲဖြစ်ခဲ့သည့် ပညာသင်ကြားမှုကို အသက်ဆက်နိုင်ခဲ့သောကြောင့် မြို့နယ်ပညာရေးအရာရှိများ၊ ဆရာများ၊ ကျောင်းသားများ၊ ကျောင်းသားမိဘများ၊ ကျေးရွာခေါင်းဆောင်များက အလွန် ကျေနပ်ဝမ်းမြောက်ခဲ့ကြသည်။

ကလေးပျော်ကျောင်းများအတွက် ထောက်ပံ့ပေးခြင်း

"ဒီမှာ သူငယ်ချင်းတွေနဲ့ပျော်စရာဝိမ်းတွေ အတူတူဆော့ရတာ တော်တော်ပျော်ပါတယ် " ဟု အသက် (၄)နှစ် ရှိ မောင်ဇော်မိုးဦးက ဖြေကြားပေးစဉ်။ (ရုပ်ပုံ - LWF မြန်မာ/ အိုက်လက်ကျော်ထွန်းလှ/ ၂၀၁၆)

၂၀၁၆ ခုနှစ်တွင် LWF Myanmar သည် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်ရှိ ယာယီရွှေပြောင်းစခန်း (၅) ခုရှိကလေးများနှင့် မြောက်ဦးမြို့နယ်ရှိ ကျေးရွာ (၄) ရွာအတွက် ကလေးပျော်ကျောင်း (၂၀) ကျောင်းအား ဆောက်လုပ်ကူညီထောက်ပံ့ပေးခဲ့ပါသည်။

အဆိုပါထောက်ပံ့ပေးခြင်းအားဖြင့် အသက် ၅နှစ်အောက်ကလေးပေါင်း ၁၉၅၉ ဦး (မိန်းကလေး ၄၄ ရာခိုင်နှုန်း) တို့ အကျိုးခံစားခွင့်ရရှိနိုင်ခဲ့သည်။ ကလေးပျော်ကျောင်းများ လုံလုံခြုံခြုံဖြစ်ရေး၊ ကလေးများနှစ်လိုဖွယ်နေရာဖြစ်ရေး၊ မသန်စွမ်းကလေးများအတွက်လည်း လိုက်လျောညီထွေဖြစ်ရေးနှင့် ပိုးလုံလေလုံဖြစ်ရေးတို့အတွက် မြို့နယ်ပညာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ကလေးပျော်ကျောင်း (၂၀) ကျောင်းအတွက် သင်တန်းရရှိပြီး မူကြိုဆရာ/မ ၅၂ (အမျိုးသမီး ၆၅ ရာခိုင်နှုန်း) အား ခန့်အပ်ပေးထားပါသည်။ ကလေးပျော်ကျောင်းတိုင်းတွင်အခြေခံဆေးဝါးသေတ္တာ၊သင်ထောက်ကူပစ္စည်းများ၊ကစားနည်းများနှင့် ကစားစရာအရုပ်များ၊ သောက်ရေသန့်များအပြင် အခြားလိုအပ်သည်များကို ထည့်ပေးထားသည်။

ကလေးပျော်ကျောင်းတိုင်းတွင် ကလေးများအား အနီးကပ်ကြပ်မတ်စောင့်ရှောက်ပေးရန် သင်တန်းရရှိပြီး ဆရာ/မ (၃) ဦးအား ခန့်ထားပေးသည်။ ယာယီရွှေပြောင်းစခန်းများတွင် နေထိုင်သော ကလေးများ၏ စိတ်ပိုင်းဆိုင်ရာခံစားမှု များကို ပိုမိုသိရှိနားလည်စေရန် ဆရာ/မများအား စိတ်ပိုင်းဆိုင်ရာ ကုစားရေးနှင့် ကလေးအကာအကွယ်ပြု (၃) ရက်တာ သင်တန်းကို တက်ရောက်စေခဲ့သည်။ ထို့ပြင် အားသစ်လောင်းမွမ်းမံသင်တန်းများကိုလည်း နှစ်စဉ် စီစဉ်ပေးလျက်ရှိသည်။

ဒေါ်ဦးစောနွယ် (၃၇ နှစ်) သည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ ရွာမနီကျေးရွာမှ ကလေးပျော်ကျောင်းတွင် တာဝန်ယူသင်ကြားပေးနေသော ဆရာမတစ်ဦးဖြစ်သည်။ ရွာမနီကျေးရွာသည် မြောက်ဦးမြို့မှ ၅ မိုင်ခန့်ဝေးပြီး အိမ်ခြေပေါင်း ၂၂၀နှင့် လူပြီးရေပေါင်း ၁၂၀ ရှိသော ကျေးရွာဖြစ်သည်။ အဆိုပါ အိမ်ခြေများထဲမှ ၁၀ အိမ်သည် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော လူမျိုးအရေးနှင့်ဘာသာရေးပဋိပက္ခကြောင့် အိုးအိမ်ပဲ့ခဲ့ရသူများဖြစ်သည်။ ကျေးရွာနေဒေသခံအများစုသည်မိသားစုစားဝတ်နေရေးအတွက်လယ်သမားများလုပ်ကိုင်ကြသောကြောင့် မိမိတို့ကလေးများ၏ အသင့်ပြင့်ပညာရေးအတွက် ပံ့ပိုးပေးရန်မှာ အကြီးမားဆုံးသော အခက်အခဲဖြစ်လာခဲ့သည်။ တခါတရံတွင် မိမိတို့၏ကလေးများကို အလုပ်ထဲတွင် ခေါ်သွားရလေ့ရှိသောကြောင့် ကလေးများ၏ပညာရေးတွင် လစ်ဟာမှုများ ဖြစ်ပွားခဲ့ရသည်။

အဆိုပါအခက်အခဲများနှင့်ပတ်သက်၍ ဒေါ်စောဦးနွယ်က "ကျွန်မတို့ရွာမှ LWF Myanmar မရောက်လာခင်တုန်းက ကလေးတွေမှကြိုတက်ဖို့ လစဉ်ကြေးသွင်းရပါတယ်။ အချို့ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေဟာဒီလစဉ် ကြေးပေးဖို့ တော်တော် အခက်အခဲကြုံတွေ့ခဲ့ရပါတယ်။ အလုပ်သွားတုန်း ကလေးတွေကို အိမ်မှာထားခဲ့ပြန်ရင်လည်း ကလေးတွေအတွက် ထိခိုက်စေနိုင်တဲ့နေရာ၊ ဒဏ်ရာရစေနိုင်တဲ့နေရာမှာများ သွားဆော့နေမလားဆိုပြီး တချိန်လုံး စိတ်ပူနေရကြတယ်။ တခါက ရွာက ကလေးတစ်ယောက်ဟာ မိဘတွေ အလုပ်သွားတုန်း ရွာထဲမှာ ခွားကန်တာ ခံရပူးတယ်။"

၂၀၁၅ ခုနှစ်တွင် LWF Myanmar သည် အကျယ်အဝန်း ၁၈ ပေx၃၆ ပေ ရှိသော ကလေးပျော်ကျောင်းဆောက်လုပ်ရန် ငွေကျပ် (၆၇) သိန်း ထောက်ပံ့ပေးခဲ့သည်။ အဆိုပါကျောင်းဆောက်လုပ်ခြင်းသည် ၂၀၁၆ ခုနှစ်၊ ဇေဖော်ဝါရီလတွင် ပြီးစီးခဲ့ပြီး ယခုအချိန်တွင် ကလေးများအတွက် တိုးတက်ပြောင်းလဲမှုများစွာကို ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

"ကျွန်မတို့ရွာမှာကလေးပျော်ကျောင်းရှိပြီးနောက်၊ကလေးမိဘတွေဟာ သားသမီးတွေအတွက် စိတ်ပူပင်စရာမလိုတော့ပါဘူး။ အလုပ်ကိုလည်း စိုးရိမ်စိတ်ကင်းကင်းနဲ့သွားနိုင်ပါပြီ။ ကလေးတွေကလည်း ဒီက ကလေးပျော်ကျောင်းမှာ လာတက်ကြတဲ့အတွက် မူလတန်းကျောင်းတက်တဲ့အခါ တိုးတက်မှုတွေ အများကြီးရှိလာပါတယ်။ အဲဒီအပြင် ဒီကျောင်းကတဆင့် ကလေးအချင်းချင်းပူးပေါင်းလုပ်ဆောင်တတ်တဲ့အလေ့အကျင့် ၊ခွေးထွေးတဲ့ပေါင်းသင်းဆက်ဆံရေး၊ တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစားမှုတွေနှင့် စိတ်ဓါတ်ပိုင်းဆိုင်ရာတိုးတက်မှုတွေလည်း ရရှိလာပါတယ်။ ကျွန်မတို့ကျေးရွာအတွက် အခုလို ရက်ရက်ရောရောကူညီထောက်ပံ့ပေးတဲ့ LWF Myanmar အဖွဲ့တို့ အထူးဘဲ ကျေးဇူးတင်ရှိပါတယ်" ဟု ဒေါ်ဦးစောနွယ်က ဝမ်းသာအားရ ပြောကြားသွားပါသည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရွာမနီကျေးရွာရှိ ကလေးပျော်ကျောင်းတွင် မူကြိုဆရာမ ဒေါ်ဦးစောနွယ်မှ ဥဘက်ရည်သွေးကစားနည်း ဆော့ကစားစဉ် ကူညီပံ့ပိုးနေပုံ။ (ပုံမှိုင် - LWF မြန်မာ/အိုက်လက်ကျော်ထွန်းလှ/ ၂၀၁၆)

ရခိုင်ပြည်နယ်ရှိ ယာယီရွှေ့ပြောင်းစခန်းများနှင့်ပြန်လည်နေရာချထားရေး ဒေသများစီမံခန့်ခွဲမှုတွင် ပါဝင်လုပ်ဆောင်ခြင်း

LWF မြန်မာသည် ရခိုင်ပြည်နယ်ရှိ ယာယီရွှေ့ပြောင်းစခန်း (၁၁) ခုကို စခန်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း (CCCM)၊ ခိုလှုံရာ အဆောက်အဦး၊ ပညာရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးရေး လုပ်ရှားမှုများ မှ တစ်ဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးခဲ့ပါသည်။ INGO နှင့် NGO အများအပြားမှာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်နေသော်လည်း LWF မြန်မာသည် ယာယီရွှေ့ပြောင်းစခန်းများနှင့် ဒေသခံလူအဖွဲ့အစည်းအတွက် လူအခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြင့်တင်ပေးခြင်းလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ တစ်မူထူးခြားသည့် အဖွဲ့အစည်း ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်တွင် ယာယီရွှေ့ပြောင်းစခန်း (၃) ခုကို အစိုးရက ပြန်လည်နေရာချထားပေးခဲ့ပြီး LWF က CCCM လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းအဖွဲ့မှာ UNHCR နှင့် အစိုးရအာဏာပိုင်များ၏ အကြံအဉာဏ်များကို ရယူခဲ့ပြီး ယာယီစခန်း စီမံခန့်ခွဲမှုကော်မတီမှ အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ဒေသနှင့်ဌာနေလူ့အဖွဲ့အစည်းမှခေါင်းဆောင်များ ဖြင့် ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်။ ဒုတိယနှစ်တွင် LWF သည် ရပ်ရွာလူထုဖွံ့ဖြိုးရေးကော်မတီက ဦးစားပေးအဖြစ် သတ်မှတ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းအချို့ကို အဆိုပါကော်မတီနှင့် အတူ ဆောင်ရွက်ခဲ့ပြီး ပြန်လည်နေရာချထားပေးခဲ့သည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်ချပေးခဲ့ခြင်းလည်း ဖြစ်ပါသည်။

ကျန်ရှိနေသည့် ယာယီစခန်း (၈) ခုတွင် မြေလုပ်သော စီမံကိန်းများတွင် အကွက်စနစ် (Block System) ကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီး စခန်းတိုင်းရှိ အကွက် (Block) တစ်ခုချင်းစီတွင် ကလေးများ ဖွံ့ဖြိုးရေးအဖွဲ့၊ လူငယ် ဖွံ့ဖြိုးရေးအဖွဲ့နှင့် အမျိုးသမီးဖွံ့ဖြိုးရေးအဖွဲ့တို့ကို ပြုပြင် ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် လူမှုအဖွဲ့အစည်းများကို အားကောင်းစေခဲ့ပြီး စခန်းတွင်း လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုကို ပိုမိုဆောင်ရွက်နိုင်စေခဲ့ပါသည်။ လူမှုအဖွဲ့အစည်းများတွင် စုစုပေါင်း (၃၅၄) ဦး (မိန်းကလေးငယ်များနှင့် အမျိုးသမီး ၅၂ ရာခိုင်နှုန်း) ပါဝင်နိုင်ခဲ့ပြီး အစည်းအဝေးများ စီစဉ်ကျင်းပခြင်း၊ ယာယီစခန်းများအတွင်း အခေါ်အနားများ ပြုလုပ်ခြင်းတို့ကို အထောက်အကူအဖြစ်စေခဲ့ပါသည်။ အဖွဲ့ဝင်များမှာ တစ်ဖြည်းဖြည်း ပြည်သူ့လူထု၏ အခက်အခဲများကို နားလည်လာပြီး၊ ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးလာကာ၊ အများပြည်သူနှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် ပါဝင် ဆောင်ရွက်လာနိုင်ကြသည်။

လူမှုရေးဆိုင်ရာစိတ်ဖိစီးမှုပြဿနာကိုဖြေရှင်းနိုင်ရေးအတွက် အပန်းဖြေရေးလှုပ်ရှားမှု အစိတ်အပိုင်းတစ်ခုအဖြစ် LWF မြန်မာသည် စခန်းတိုင်းတွင် စခန်းစီမံခန့်ခွဲမှု ကော်တီ၏ အကြပြုချက်ရယူကာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့မှတစ်ဆင့် လှုပ်ရှားမှု (၄) ခု (စခန်းတွင်း ၂ ခု၊ စခန်းပြင်ပတွင် ၂ ခု) ကို လုပ်ဆောင်ပေးခဲ့ပါသည်။ စခန်းပြင်ပ လှုပ်ရှားမှုများတွင် ဘော်လီဘောကစားခြင်း၊ ဘောလုံးကန်ခြင်း၊ လွန်ဆွဲခြင်း၊ ထုပ်ဆီးထိုးခြင်းတို့ပါဝင်ပြီးလူပေါင်း (၂၅၉၉)ဦး (အမျိုးသမီးနှင့် မိန်းကလေးငယ်များ ၄၉ ရာခိုင်နှုန်း)မှာ တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ စခန်းတွင်း လှုပ်ရှားမှုတွင် အနုပညာ၊ အလှအပ မန်တီးခြင်းနှင့် ယက္ကန်းယက်ပြိုင်ပွဲများ ပါဝင်ပြီး လူပေါင်း ၁၈၈၁ ဦး (အမျိုးသမီးနှင့် မိန်းကလေးငယ် ၅၅ ရာခိုင်နှုန်း) ပါဝင်ခဲ့ကြသည်။ ယာယီစခန်းများတွင် ရှိနေသည့် အဆောက်အဦးများမှာ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ၀ါးများ၊ သစ်မာ၊ သစ်ပျော့များဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဆိုင်ကလုန်း ကိုမန်ဒကာ်ခံရမှု၊ သာမန်ဆွေးမြေ့ ပျက်ဆီးလာမှုတို့ကြောင့် ၂၀၁၆ ခုနှစ် အရေးကိုတွင် အဆောက်အဦးအများအပြားမှာ အရေးပေါ် ပြင်ဆင်မှုအစားထိုးဆောက်လုပ်မှု ပြုလုပ်ရန် လိုအပ်လာခဲ့သည်။

LWF မြန်မာသည် အနောက်ရွာစခန်းတွင် အခန်း (၃၂၀)၊ ခေါင်တုတ်ခါး-၁ တွင် (၃၈၆) ခန်းနှင့် တောင်အုန်းတောကြီးစခန်းတွင် (၁၉၂၂) ခန်းကို ပြင်ဆင်ပေးခဲ့ပါသည်။ စုစုပေါင်း ဝိသားစု (၂၆၃၆) စုမှာ ပြင်ဆင်ပြီးသား၊ အသစ်ပြန်လည်တည်ဆောက်ပြီးသား လုံခြုံသော နေရာထိုင်ခင်းများကို ရရှိခဲ့ပါသည်။

LWF မြန်မာသည် စခန်းများတွင်း မီးဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် ဘေးအန္တရာယ်ကြောင့်ဖြစ်သော ဆိုးကျိုးများကိုလျော့ချရေးအတွက် ပျောက်ဆုံးနေသော၊ ပျက်စီးနေသော အရာများကို ထိုးခြင်းအားဖြင့် မီးလောင်လွယ်မှု မဖြစ်စေအောင် ထိန်းသိမ်းပေးခြင်း၊ IEC ပစ္စည်းကိရိယာများ ဝေငှခြင်း၊ လူထုအား အသိပညာပေးခြင်း စသည့် လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ပါသည်။ စခန်းတိုင်းတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး သတိပေးကြော်ငြာဆိုင်းဘုတ်များ၊ မီးသတ်ရာတွင် အသုံးပြုရမည့်ပစ္စည်းများ ဝေငှခြင်း၊ မီးဘေးအန္တရာယ်ကင်းစင်ရေး ဆောင်ရွက်နိုင်မည့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်းတို့ကို မီးသတ်တပ်ဖွဲ့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ကာ လုပ်ဆောင်ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ စက်ရုံရုဝ (၃) ယာယီရွှေ့ပြောင်းစခန်းအတွင်း သွားလာရေးပိုမိုအဆင်ပြေချောမွေ့စေရန် LWF Myanmar မှ ထောက်ပံ့ကူညီခင်းထားသော လမ်းမကြီးပုံ။

စစ်တွေမြို့နယ်၊ စက်ရုံရုဝ (၃) ယာယီရွှေ့ပြောင်းစခန်းနှင့်ပတ်သက်၍ LWF Myanmar နှင့် ဝိမိတ်ပူးပေါင်းဆောင်ရွက်ပုံများအား စခန်းစီမံခန့်ခွဲရေး ညှိနှိုင်းရေးမှူး ဦးလုံမော်က ပြောကြားပေးနေစဉ်။ (မူရင်း - LWF မြန်မာ/အိုက်ဇက်ကျော်ထွန်းလှ/၂၀၁၆)

ဦးလုံမော် (၅၈ နှစ်) သည် စစ်တွေမြို့မှ ၂ မိုင်အကွာတွင် တည်ရှိသည့် စက်ရုံရုဝ-၃ ယာယီရွှေ့ပြောင်းစခန်းရှိ စခန်းစီမံခန့်ခွဲရေးကော်မတီမှ ညှိနှိုင်းရေးမှူးဖြစ်သည်။ စခန်းတွင် စုစုပေါင်း အိမ်ထောင်စု ၁၅၁ စု လူဦးရေ ၆၆၆ ဦး (အမျိုးသား ၃၁၂ ဦး၊ အမျိုးသမီး ၃၅၄ ဦး) နေထိုင်နေသည်။ အဆိုပါ စခန်းမှာ ၂၀၁၆ ခုနှစ်က အစိုးရမှ တရားဝင် ပြန်လည်နေရာချထားပေးခဲ့သည့် စခန်းများမှ တစ်ခုလည်းဖြစ်သည်။

ဦးလုံမော်က ၄င်း၏ ယခင်အတွေ့အကြုံများကို ယခုကဲ့သို့ ဖွင့်ဟခဲ့သည်။ "စီတန်းရပ်စက်ရုံရုဝ-၃ မှာတုန်းက ကျွန်တော်တို့ဟာ ၈ ပေပတ်လည် အခန်းကျဉ်းလေးထဲမှာ နေခဲ့ရတာပါ။ စခန်းမှာ ကျောင်းမရှိတဲ့အတွက် အနီးအနားကကျောင်းမှာ ကျောင်းသားတွေအားလုံး သွားတက်ရပါတယ်။"

"အခု ကျွန်တော်တို့ဟာ စခန်းဟောင်းနဲ့ သိပ်မဝေးတဲ့နေရာမှာ နေရာချထားပေးခြင်း ခံခဲ့ရပြီး LWF မြန်မာဟာ ကျွန်တော်တို့ကို တော်တော်များများ ကူညီပံ့ပိုးပေးခဲ့ပါတယ်။ ရေမလုံမလောက်ဖြစ်တဲ့အချိန်မှာ သူတို့ဟာ ရေသိုလှောင်ဖို့ စဉ့်အိုးတွေ ထောက်ပံ့ပေးခဲ့ပါတယ်။ နောက်ပြီး ရွာမှာ လမ်းကြီးတစ်ခု၊ ကဲတားတစ်ဝင်းတို့ကိုလည်း ဆောက်လုပ်ပေးခဲ့ပြီး လူငယ်စင်တာတစ်ခုကိုလည်း ဇန်တီးပေးခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့ဟာ အလျားပေ ၁၇ ပေ၊ အနဲ ၁စပေမျှရှိတဲ့အိမ်လေးတစ်လုံးရရှိနေပါပြီ။အခြေခံအဆောက်အဦးတွေအပြင် သူတို့ဟာ အခ်ိကကျန်းမာရေးစောင့်ရှောက်မှု၊ သဘာဝေးအန္တရာယ်လျော့ပါးရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ အစိုးရနဲ့ဘယ်လို ဆက်ဆံမလဲဆိုတာတွေနဲ့ပတ်သက်ပြီးလေ့ကျင့်သင်ကြားမှုတွေလည်း ပြုလုပ်ပေးခဲ့ပါတယ်။အစိုးရကစာသင်ကျောင်းသစ် ဆောက်လုပ်ပေးခဲ့ခဲ့တာကြောင့်ကျောင်းသားတွေဟာ အခြေခံပညာရေးအတွက်အခြားရွာတစ်ရွာကိုသွားစရာမလိုတော့ပါဘူး။"

မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်ဝသည့် ပညာရေးရရှိရေး ဆောင်ရွက်ခြင်း

LWF မြန်မာသည် အနွမ်းပါးဆုံး အိမ်ထောင်စုများ၊ ကျေးရွာများ အတွက် လုပ်ငန်းများလုပ်ဆောင်ပေးပြီး ပညာရေး၏တန်ဖိုးကိုလှင်းတိုပိုပိုသိရှိ လာရေရန် ကူညီပေးကာ ပိုမိုကောင်းမွန်သည့် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိရန်အတွက်လည်း စီစဉ်ဆောင်ရွက်ပေးပါသည်။

၂၀၁၆ ခုနှစ်တွင် LWF မြန်မာသည် ဥရောပသမဂ္ဂ၊ Church of Sweden၊ AA-DKH နှင့် Diaconia ECCB အဖွဲ့တို့မှ ငွေကြေး ထောက်ပံ့သော စီမံကိန်းများမှတစ်ဆင့် ရခိုင်ပြည်နယ်တွင် ပညာရေးဖွံ့ဖြိုး တိုးတက်စေရန် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်နယ်ပညာရေးဦးစီး ဌာန၊ လူမှုပန်ထမ်းဦးစီးဌာန၊ ခရိုင်ပညာရေးရုံးများ၊ မြို့နယ်ပညာရေးရုံးများ နှင့် ပူးပေါင်းကာ စစ်တွေ၊ မြောက်ဦး၊ ပေါက်တောနှင့် အမ်းမြို့နယ်များတွင် အဓိးရစာသင်ကျောင်း (၅) ခုကို တည်ဆောက်ပေးခဲ့ပြီး၊ (၁၀) ခုကို မြန်လည် ပြင်ဆင်ပေးခဲ့ပါသည်။ ထိုကဲ့သို့ LWF ၏ ကူညီဆောင်ရွက်မှုများကြောင့် အရည်အသွေးပြည့်ဝသည့် ပညာရေးအခွင့်အလမ်းကို ကျောင်းသား ၄၆၂၉ ဦး (မိန်းကလေးငယ် ၄၉ ရာခိုင်နှုန်း)၊ ကျောင်းဆရာ ၁၉၀ ဦး (အမျိုးသမီး ၇၂ ရာခိုင်နှုန်း) တို့မှာ အကျိုးခံစားခဲ့ရပါသည်။

ရခိုင်ပြည်နယ်တွင် LWF မြန်မာက ကူညီပံ့ပေးပေးခဲ့သည့် အစိုးရ ကျောင်း (၁၁) ခုနှင့် ယာယီရွှေ့ပြောင်းစခန်း (၁၁)ခုအပါင် အသက် ၃ နှစ်မှ ၁၇နှစ်ကြား ကလေးငယ် ၂၃၅၅ ဦး (အမျိုးသမီး ၄၇ ရာခိုင်နှုန်း) မှာ ပုံမှန်ကျောင်းပညာရေး၊ ကလေးဖျော်ကျောင်းများ၊ ယာယီစာသင်ကျောင်း များ၊ကျောင်းပြင်ပပညာရေးများမှအကျိုးအကျေးဇူးများကိုခံစားခဲ့ရပါသည်။ ထို့ပြင် ကလေးဖျော်ကျောင်းဆရာ/မ (၅၂) ဦး (အမျိုးသမီး ၆၅ ရာခိုင်နှုန်း)၊ ဒေသခံဆရာ (၁၅၆) ဦး (အမျိုးသမီး ၂၆ ရာခိုင်နှုန်း)၊ ကျောင်းပြင်ပပညာရေး ပုံပိုးကူညီပေးသူ ၃၀ ဦး (အမျိုးသမီး၈၀ရာခိုင်နှုန်း)တို့မှာလည်းအကျိုးကျေးဇူး များကို ခံစားခဲ့ရသည်။

ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် စာသင်ကျောင်းသစ် (၂) ခု၊ မတူပီ မြို့နယ်တွင် စာသင်ကျောင်းဆောင်သစ် (၂) ခုကို LWF မြန်မာက ဆောက်လုပ်ပေးခဲ့ပြီး စုစုပေါင်း ကျောင်းသား (၂၂၁) ဦး (အမျိုးသမီး ၅၄ ရာခိုင်နှုန်း) မှာ အကျိုးကျေးဇူးများခံစားခဲ့ရပါသည်။ အဆိုပါ စာသင်ကျောင်း များသို့ LWF မြန်မာ က ငွေကျပ် (၃၉၀) သိန်း၊ ကော့် ကူညီထောက်ပံ့ ပေးခဲ့ပြီး၊ ရပ်ရွာလူထုက ငွေကျပ် (၉၄၇၈၀၀၀) ကို ၄င်းတို့၏ရန်ပုံငွေ၊ လုပ်အားနှင့် အခြား ပစ္စည်းများဖြင့် ပါဝင်ခဲ့သည်။

ထို့ပြင် LWF မြန်မာသည် ချင်းပြည်နယ်ရှိ စာသင်ကျောင်း (၄) ခုတွင် ၄င်းတို့၏ လိုအပ်ချက်အလိုက် ကျောင်းသုံး ပရိဘောဂများ ထောက်ပံ့ပေး အပ်ခဲ့ပါသည်။ နံရံကပ်ဗီဒီယိုများ၊ ကျောက်သင်ပုန်းကြီးများ၊ စားပွဲခုံများ၊ ဆရာများအတွက် ကုလားထိုင်များကဲ့သို့ အခြား သင်ထောက်ကူပစ္စည်း များကိုလည်း မတူပီမြို့နယ်နှင့် မင်းတပ်မြို့နယ်များရှိ ကျောင်း (၄) ကျောင်း တွင် ကူညီထောက်ပံ့ပေးခဲ့ပြီး ကျောင်းသူ (၂၅၃) ဦးနှင့် ကျောင်းသား (၂၂၆) ဦးတို့ကို အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

ကရင်ပြည်နယ်တွင်လည်း မြို့နယ်ပညာရေးဦးစီးဌာန၊ ဒေသန္တရအစိုးရ တို့နှင့် ပူးပေါင်းကာ ၂၀၁၆ ခုနှစ်တွင် ဖာပွန်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ် များ၌ စာသင်ကျောင်း (၂) ခုကို ဆောင်လုပ်ပေးခဲ့ပြီး၊ အခြား စာသင်ကျောင်း (၁၆) ခုကိုလည်း ပြင်ဆင်ပေးခဲ့ပါသည်။ ထို့ပြင် အစိုးရကျောင်း (၈) ခုတွင် စားပွဲများ၊ သောက်ရေအိုးများ၊ ရေတိုင်ကီများများကိုလည်း လျှပ်ဓါန်းပေးခဲ့ကာ စုစုပေါင်း ကျောင်းသား (၁၄၈၆) ဦး (အမျိုးသား ၇၀၆ ဦး၊ အမျိုးသမီး ၇၃၀) ဦးတို့မှ အကျိုးကျေးဇူး ခံစားခဲ့ကြရပါသည်။

ရေလဲရွှာဟောင်းကျေးရွာသည် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်မှ (၁၂) မိုင်အကွာတွင် တည်ရှိပါသည်။ ၄င်းရွာမှာ အထူးသဖြင့် ပညာရေးတွင် ဖွံ့ဖြိုးမှုနိမ့်ကျနေသော ရွာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကျောင်းဆရာများ မလုံလောက်မှု၊ ကျောင်းသုံးပစ္စည်းများ မလုံလောက်မှု တို့မှာ ဒေသခံလူ့အဖွဲ့အစည်းက ရင်ဆိုင်နေရသည့် အဓိကအခက်အခဲများ ဖြစ်သည်။

ပညာသင်သက် (၇) နှစ်ရှိနေသည့် ဆရာမ ဒေါ်ဝတ်ရည်က "ကျွန်မတို့ရဲ့အရင်ကကျောင်းဟာ သစ်နဲ့ဆောက်ထားတဲ့ ၂ ထပ်အဆောက် အဦးဖြစ်တာကြောင့် အပေါ်ထပ်က ကလေးတွေ ဆူဆူညံညံလုပ်ပြီဆိုရင် မျက်နှာကျက်က သိပ်တပ်နေတာကြောင့် အောက်ထပ်မှာ စာသင်တာကို အာရုံစိုက်လို့ မရတော့ပါဘူး။ ပြီးတော့ သီးသန့်စာသင်ခန်းတွေ မရှိတာ ကြောင့် ဆရာ (၄) ယောက်မှာ ကျောင်းသား (၁၅၀) လောက်ကို ခန်းမတစ်ခုတည်းမှာ တစ်ချိန်တည်းတစ်ပြိုင်တည်း စာသင်ရပါတယ်" ဟု ပြောကြားခဲ့သည်။

မြို့နယ်ပညာရေးဦးစီးဌာန၊ ဒေသန္တရအစိုးရတို့နှင့် ပူးပေါင်း၍ LWF မြန်မာသည် ကျေးရွာတွင် စာသင်ကျောင်းတစ်ကျောင်း ဆောက်လုပ်ရန် ငွေကျပ် (၃၃၀) သိန်း (ဒေါ်လာ ၂၄၄၃၃) ထောက်ပံ့ကူညီခဲ့ပါသည်။ ရလဒ်အနေဖြင့် ကျောင်းသားအများအပြားမှာ ပုံမှန်ကျောင်းတက်လာနိုင် ကြပြီး၊ ပညာရေးတွင် ပိုမို စိတ်ဝင်စားမှုလည်း ရှိလာပါသည်။

၆ တန်းကျောင်းသား မောင်လှမျိုးက စာသင်ကျောင်းသစ်နှင့် ပတ်သက်၍ ၄င်း၏ ခံစားချက်ကို အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။ "ကျွန်တော်ရဲ့ အိပ်မက်က အင်ဂျင်နီယာတစ်ယောက် ဖြစ်လာဖို့ပါ။ ပြီးတော့ ကျွန်တော်တို့ရွာအတွက် မြန်ပြီး ပေးဆပ်ချင်ပါတယ်။ ဒါ့ကြောင့် နေ့တိုင်း ကျွန်တော် စာကို အပတ်တကုတ်ကြိုးစားပါတယ်။ ကျွန်တော်ဟာ သစ်လွင်ပြီး အင်ပတန် အဆင်ပြေတဲ့ စာသင်ကျောင်းမှာ စာသင်နေရတာကြောင့်၊ နေ့တိုင်း ကျောင်းသွားဖို့ကို တက်ကြွနေပါတယ်။ အရင်နဲ့စာရင် အခုအချိန်မှာ ကျွန်တော်ဟာ စာလုပ်ဖို့ ပိုပြီး စိတ်အားထက်သန်ပါတယ်။"

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဗီး (၅၄ နှစ်) ကလည်း "ကျွန်တော်တို့ရွာမှာ LWF မြန်မာက စာသင်ကျောင်း ၀ပြီး ဆောက်ပေးတော့၊ တစ်ရွာလုံးပျော်ရွှင် ခဲ့ကြပြီး အုတ်တွေ၊ သဲတွေ သယ်ပေးတာကနေ အခြားလုပ်ငန်းတွေအထိ လုပ်အားနဲ့လည်း ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါဟာ NGO တစ်ခုနဲ့ ပူးပေါင်းပြီး ပထမဆုံးဆောက်လုပ်တဲ့ အဆောက်အဦးပါ။ ဒီကျောင်းလေးကို ဒီမှာမြင်ရတဲ့အတွက် ကျွန်တော်တို့ တကယ့်ကို ပျော်ရွှင်မိပါတယ်။ LWF မြန်မာဟာ ကျွန်တော်တို့အတွက် အကောင်းဆုံးကို ဆောင်ကျဉ်းပေးခဲ့ပြီး အခုတော့ အရေးကြီးတဲ့ မရှိမဖြစ် ပညာရေးအဆောက်အဦးတစ်ခုကို ရရှိနေပါပြီ။ အနာဂတ်မှာလည်း တိုးတက်မှုအများအပြား ဖြစ်လာမယ်လို့ ကျွန်တော်တို့ အခု မျှော်လင့်နိုင်ပါပြီ။ LWF ကို ကျေးဇူးအများကြီးတင် ပါတယ်" ဟု ပြောကြားခဲ့သည်။

သက်တောင့်သက်သာ ရှိလှသော ကျောင်းဆောင်သစ်ကြီးတွင် စာသင်ရတာ အလွန်ပျော်ရွှင်မိကြောင်း မောင်လှမျိုး ပြောပြနေစဉ်။ (မူပိုင် - LWF မြန်မာ/အိုက်ဂက်ကော့်ဒွန်းလှ/၂၀၁၆)

တစ်ချိန်တည်းမှာပင် ကျေးရွာလေးမှာ အစိုးရစုန်ကြီးဌာနများတွင် ပူးပေါင်းဆောင်ရွက်မှုတွင်လည်း ပိုမို အားကောင်းလာခဲ့သည်။ ရလဒ် အနေဖြင့် အစိုးရမှာ ရွာ၏ပညာရေးအဆင့်ကို မူလတန်းလွန် ပညာရေးအဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။ယခုအချိန်တွင်ရွာခံကျောင်းသား များသာ မကဘဲ အနီးရှိ ရွာများမှ ကျောင်းသား (၁၀) ဦးမှာ ထိုစာသင် ကျောင်းတွင် လာရောက် ပညာဆည်းပူးနေကြသည်။ ဆရာအရေအတွက် မှာလည်း (၄) ဦးမှ (၉) ဦးအထိ မြင့်တက်လာခဲ့ပြီး ကျောင်းသား (၁၅၀) ကို ပညာသင်ပေးလျက် ရှိနေသည်။ မိမိတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံ ခန့်ခွဲမှု ပြုလုပ်နိုင်ရန် ရပ်ရွာလူထုအား LWF မြန်မာကစည်းရုံးကာစွမ်းဆောင် နိုင်စွမ်းမြှင့်တင်ပေးသောကြောင့်ယခုလက်ရှိတွင်အဆိုပါရွာလေးမှာပညာရေး တွင်သာ မကဘဲ၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင်လည်း တိုးတက် လာခဲ့သည်။

သက်ကြီးစာတတ်မြောက်ရေးအစီအစဉ်မှတစ်ဆင့် ဘဝအရည်အသွေးတိုးတက်အောင်ဆောင်ရွက်ခြင်း

၂၀၁၆ ခုနှစ်တွင် LWF မြန်မာသည်ချင်းပြည်နယ်ရှိသက်ကြီးရွယ်အိုများ ပညာရေး တိုးတက်လာစေရန်အတွက် သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်ကို မြန်မာနိုင်ငံ စာတတ်မြောက်ရေးအဖွဲ့ (Myanmar Literacy Resource Center) နှင့် ပူးပေါင်းကာ စတင်ခဲ့သည်။ ပင်းတပ်မြို့တွင် ဆရာ (၈) ဦးအတွက် (၅) ရက်ကြာ ဆရာဖြစ်သင်တန်းနှင့် နေ့စဉ်ပိုင်းတွင် (၄) ရက်ကြာ အားပေးလောင်းမွမ်းမံသင်တန်းကို LWF Myanmar မှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထိုအစီအစဉ်၏ ဆောင်ရွက်မှုများမှာ ရွာပေါင်း (၈) ရွာအထိ ရောက်ရှိခဲ့ပြီး၊ ပြည်သူ (၈၅) ဦး (မ ၈၃၊ ကျား ၂ ဦး) အကျိုးဖြစ်ထွန်းခဲ့သည်။ LWF မြန်မာသည် ဆရာများအတွက်စာရေးကိရိယာများ၊ ဗလာစာအုပ်များနှင့်ကျောက်သင်ပုန်းများကိုလည်းထောက်ပံ့ပေးခဲ့သည်။

ဒေါ်ဟာတီး (၄၂ နှစ်) သည် ချင်းပြည်နယ်ရှိ သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်အတွင်းတက်ရောက်သင်ကြားခဲ့သူတစ်ဦးဖြစ်သည်။ တစ်ချိန်က သူမမှာ စာတတ်မြောက်ရေး စိတ်အားထက်သန်ခဲ့သော်လည်း မိသားစုတွင် အကြီးဆုံးဖြစ်သည်အတွက် မွေးချင်းများကို ငယ်စဉ်ဘဝကတည်းကပုံပိုးကူညီခဲ့ရပြီးကြောင့် သူမ၏ အိပ်မက်အားလုံးကို စွန့်လွှတ်ခဲ့ရသည်။ ယခုအချိန်တွင် သူမမှာ သားတစ်ဦးနှင့် သမီး (၆) ဦးတို့၏ မိခင်တစ်ယောက် ဖြစ်နေပါသည်။ "အခွင့်အရေးတွေ တော်တော်များများ ရခဲ့ပေမယ် ပညာတတ်တစ်ယောက် အဖြစ် မလုပ်နိုင်ခဲ့တာကြောင့် ကျွန်မကိုယ်ကျွန်မ အားမလိုအားမရ ဖြစ်မိပါတယ်။ သင့်တင့်တဲ့ ပညာရေးသာ ရမယ်ဆိုရင်ကျွန်မဟာလက်ရှိထက် ပိုပြီး အဆင်ပြေမှာပါ။"

ယခင်က မြို့တွင်းသို့ သွားရောက်လည်ပတ်သည့်အခါတွင် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရပုံကို သူမက ယခုကဲ့သို့ ဖွင့်ဟခဲ့သည်။ "မြို့ပေါ်ကို ကျွန်မသွားတိုင်း ကြောင်ငြာဆိုင်းဘုတ်ကြီးတွေ တော်တော်များများကို တွေ့ပါတယ်။ ဒါပေမယ့် အဲဒါတွေက ဘာတွေလဲဆိုတာ ကျွန်မ မသိပါဘူး။ ဒီဆိုင်းဘုတ်မှာ နေ့ထားတာတွေကိုကျွန်မအရမ်းနားလည်ချင်တယ်။လမ်းညွှန်ဆိုင်းဘုတ်တွေကို မဖတ်တတ်တာကြောင့် တစ်ခါတစ်ရံ သွားမယ့်နေရာရှာတဲ့အခါမှာ ကျွန်မ အခက်အခဲတွေ တော်တော်များများနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။"

LWF မြန်မာက စာတတ်မြောက်ရေး အ-သုံးလုံး သင်တန်းဖွင့်လှစ်မည်ဟု ဝန်ထမ်းတစ်ဦးထံမှ ကြားရသည့်နေ့တွင် ဒေါ်ဟာတီးမှာ ဝမ်းသာပျော်ရွှင်ခဲ့ပြီး တက်ရောက်ရန် အလျင်အမြန်ဝင် စာရင်းပေးခဲ့သည်။ စိတ်လှုပ်ရှားနေသည့် ဒေါ်ဟာတီးသည် မိသားစုတာဝန်နှင့် အိမ်မှုကိစ္စများ ရှိနေသော်လည်း ခင်ပွန်းဖြစ်သူ၏ အားပေးမှု၊ နားလည်ပေးမှုဖြင့် သင်တန်းကို ကြိုးစား တက်ရောက်ခဲ့သည်။ "ကလေးတွေကိုပြုစုစောင့်ရှောက်ရမှာ၊ အိမ်အလုပ်လုပ်ရမှာတွေ ရှိနေပေမယ့် ကျွန်မဟာ လေ့လာသင်ယူချင်ပါတယ်။ ဒါပေမယ့် ကျွန်တာတွေအားလုံးကို ပစ်ထားရမှာလေ။ သင်တန်းပထမနေ့မှာစကားလုံးတွေအားလုံးကိုမှတ်မိဖို့တော်တော်လေး ကြိုးစားခဲ့ရပါတယ်။ ကျွန်မကိုရေးဖို့ပြောတဲ့အခါမှာကျွန်မဟာကောင်းကောင်း မရေးနိုင်ပါဘူး။ ပြီးတော့ စကားလုံးအသစ်တွေဟာ ကျွန်မရဲ့ အကြီးမားဆုံး စိန်ခေါ်မှုပါပဲ။ နောက်ပြီး အိမ်မှာပြန်လေ့ကျင့်ဖို့ အချိန်မရှိတာကြောင့် အတန်းထဲမှာပဲ ကျွန်မအပြီးလေ့လာခဲ့ရပါတယ်။ တစ်ခါတစ်လေ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန် ရောက်တဲ့အခါ အလုပ်များတာကြောင့် သင်တန်း ပျက်ကွက်ခဲ့ရတာတွေ ရှိပါတယ်" ဟု သူမက ပြောကြားခဲ့ပါသည်။

LWF က စာတတ်မြောက်ရေး သင်တန်းများ အကောင်အထည်ဖော်ပေးသည့် ရွာများတွင် ပီးဟူကျေးရွာမှ အခြေခံ အရေးအဖတ်လာရောက်သင်ကြားသူများမှာ စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြပြီး၊ စာတတ်မြောက်ရန်လည်း စိတ်အားထက်သန်ကြပါသည်။ ပုံမှန်အားဖြင့်ဂင်းတို့မှာတစ်နေ့လျှင် (၂)နာရီ သာသင် ယူကြသော် လည်းအလုပ်မသွားရသည့် နေ့များတွင် တစ်နေကုန်တက်ရောက်ကြသည်။



ဒေါ်ဟာတီးက "အခုဆိုရင် ကျွန်မနာမည်ကို ဖတ်လည်းဖတ်တတ်ပြီ၊ ရေးလည်းရေးတတ်သွားပြီ။"

မြန်မာစာရေးသားနည်းအတန်းတွင် ဒေါ်ဟာတီး တက်ရောက်နေစဉ်။ (ရှုပ်ဝိုင် - LWF မြန်မာ/အိုက်ဂက်ကျော်ထွန်းလှ/၂၀၁၆)

မြန်မာနိုင်ငံရှိ လူသရမ်အသင်းတော်များနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် လူသရမ်အဖွဲ့ဝင်အသင်းတော် (၄) ခုရှိပြီး Myanmar Lutheran Church (MLC)၊ Lutheran Church of Myanmar (LCM)၊ Mara Evangelical Church (MEC) နှင့် Evangelical Lutheran Church of Myanmar (ELCM) တို့ ဖြစ်ပါသည်။ Evangelical Lutheran Church in America (ELCA) မှ ထောက်ပံ့ပေးအပ်သော စီမံကိန်းရန်ပုံငွေမှ တစ်ဆင့် LWF Myanamr သည် ၎င်းတို့၏ Diaconal Programs များကို ပံ့ပိုးကူညီပေးပါသည်။ ထိုကဲ့သို့ စီမံကိန်းရန်ပုံငွေ ရရှိရန်အတွက် အဆိုပါအသင်းတော်မှာ LWF မြန်မာ၏ အကူအညီဖြင့် ရန်ပုံငွေအဆိုပြုလွှာများကို တင်သွင်းခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ဆိုင်ကလုန်း ကိုမန်ကြောင့် ပိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို ခံစားခဲ့ရပါသည်။ ရလဒ်အနေဖြင့် နေအိမ်ပေါင်း (၈၈၀) ခန့် ဆိုးဆိုးဝါးဝါး ပျက်ဆီးခဲ့ပြီး လူပေါင်း (၃၅၁) ဦးအတွက် ကယ်ဆယ်ရေးလုပ်ရန် လိုအပ်ခဲ့ပါသည်။ Myanmar Lutheran Church နှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဖြင့် LWF မြန်မာသည် ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်ရန် ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ရန်ပုံငွေများ ထောက်ပံ့ခဲ့ပါသည်။ Myanmar Lutheran Church ၏ စီမံကိန်း ဆောင်ရွက်မှုများမှတစ်ဆင့် အိမ်ထောင်စု (၂၀၀) မှာ ၎င်းတို့ ဆုံးရှုံးသွားသည့်အခြေခံအိမ်ထောင်သုံးစွဲသည်များ ပြန်လည် ဖြည့်တင်းရန်၊ အစားအသောက်ဝယ်ယူရန်တစ်အိမ်ထောင်စုလျှင် (၃,၀၀၀) ကျပ် ကို ထောက်ပံ့ပေးခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ဖြစ်ပွားသော ရေကြီးမှုကြောင့် ပလက်ဝမြို့နယ်ရှိ အိမ်ထောင်စု (၄၈၀) ပျက်စီးဆုံးရှုံးခဲ့ပြီး ၎င်းတို့အား ဆန်ဝေငှရန်အတွက် Myanmar Lutheran Church အသင်းတော်ကို ရန်ပုံငွေများ ထောက်ပံ့ပေးခဲ့ပါသည်။ကျေးရွာပေါင်း ၃၃ ရွာမှ စုစုပေါင်း ပြည်သူ ၂,၃၀၄ ဦး (အမျိုးသမီး ၄၉ ရာခိုင်နှုန်း) ကို Myanmar Lutheran Church ၏ စီမံကိန်းခေါင်းစဉ် "Love in Actions Emergency Relief (LAER)" ဖြင့် ကူညီပံ့ပိုး ပေးခဲ့ပါသည်။ ထို့ပြင် Myanmar LtheranChurch သည် လက်နက်ကိုင် ပဋိပက္ခ ဒဏ်ကို ခံစားခဲ့ရသည့် အိမ်ထောင်စု ၄၀ အတွက် အပိုးအကာအဖြစ် အသုံးပြုနိုင်ရန် တာပေါ်လင်စများကိုလည်း ဖြန့်ဖြူးပေးခဲ့ပါသည်။

LWF Myanmar နှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာလူသရမ်အသင်းတော်မှ ဖြန့်ဝေပေးသော ဆန်အိတ် (၃၀) အား သယ်ယူရန် မြောင်ချောင်းကျေးရွာမှ ဒေသခံများ လာရောက်နေစဉ်။ (မူရင်း - LWF မြန်မာ/မိုးဇက်မန်း (MLC)/ ၂၀၁၆)

LWF မြန်မာသည် ပလက်ဝမြို့နယ်ရှိ မရာလှမျိုးများနေထိုင်ရာဒေသတွင် ဆိုင်ကလုန်း ကိုမန်ဒဏ်ထိခိုက်ခံစားခဲ့ရသူများ စားနပ်ရိက္ခာ စီမံကိန်းအတွက် Mara Evangelical Church's (MEC) ကို ငွေသားများထောက်ပံ့ပေးခဲ့ပါသည်။အဆိုပါစီမံကိန်းမှာ အိမ်ထောင်စု (၁၂၀) မှ လူပေါင်း (၁၀၈၂) ဦး (အမျိုးသမီး ၅၀ ရာခိုင်နှုန်း) ထံ ရောက်ရှိခဲ့ပါသည်။

ပလက်ဝမြို့နယ်ဟေမဝီကျေးရွာမှဦးဇိတ်(၄၃နှစ်) က "ညစာတစ်နပ်အတွက် တော်တော် ရုန်းကန်နေရ ရှိနိမ့်မှာ ငွေကျပ် ၃၅၀၀ ဆိုတာ တော်တော်လေး ကြီးမားတဲ့ ထောက်ပံ့ကူညီမှုပါ။ ဒါဟာ ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာကိုယ်ကို အသက်ဆက်ဝေခဲ့သလို၊ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းတွေကိုလည်း ရှင်သန်စေခဲ့ပါတယ်။ ဒီလွေနဲ့ ကျွန်တော်တို့ ဆန်ယပ်ရမှာပါ။ သုံးသောင်းကို ဆန်ယပ်ပြီး ၅၀၀၀ ကိုတော့ငါးပိဝယ်မှာပါ။ ကျွန်တော်တို့ကို မမြင်ဖူးဘဲ၊ ကျွန်တော်တို့နဲ့ သွေးသားမတော်စပ်ဘဲ ကျွန်တော်တို့ကို ဒီလိုကူညီတဲ့သူဟာ ဘုရားသခင်သားတော်တွေမြစ်တယ်ဆိုတာ ကျွန်တော် ခိုင်ခိုင်မာမာယုံကြည်ပါတယ်။ ကျွန်တော်တို့ကို ဖေးမတဲ့ ဒီလူတွေအားလုံးကို ဘုရားသခင်ကောင်းချီးပေးပါစေလို့လည်း ကျွန်တော် ဆုတောင်းပါတယ်" ဟု ဖွင့်ဟခဲ့သည်။

LWF မြန်မာ သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် တာဟန်းမြို့ရှိ ရွာသူရွာသားများ အရေးပေါ် ဒိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်မည့် အများသုံးခန်းမတစ်ခု ဆောက်လုပ်ရေးအတွက် Lutheran Church of Myanmar (LCM) ကို ငွေကျပ် (၃၃,၉) သန်း ပံ့ပိုးကူညီခဲ့ပါသည်။

ရခိုင်ပြည်နယ်ရှိ LWF မြန်မာ၏ စီမံကိန်းတွင် ချက်သံအမတ်ကြီး လာရောက်လေ့လာခြင်း

၂၀၁၆ ခုနှစ်က ရခိုင်ပြည်နယ်တွင် သွားရောက်လည်ပတ်ခဲ့သော မြန်မာနိုင်ငံတာဝန်ခံ ချက်သံအမတ် ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် ဝန်ကြီးအဖွဲ့များ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းနှင့် LWF Myanmar ၏စီမံကိန်းအားဖြင့် ချက်နိုင်ငံ၏ရခိုင်ပြည်နယ်အတွင်း ကူညီထောက်ပံ့မှုအကြောင်းများ အပြန်အလှန်ဆွေးနွေးစဉ်။ (မူရင်း - LWF မြန်မာ/နေမျိုးဦး/ ၂၀၁၆)

မြန်မာနိုင်ငံဆိုင်ရာ ချက်သံအမတ်ကြီး Mr. Jaroslaw Doleck ESifh Mrs. Magdalena Doleck (ဇနီးဖြစ်သူ)၊ Mrs. Renata Brandstatterova (မြန်မာနိုင်ငံဆိုင်ရာ ချက်သံရုံးမှ ဒုတိယအတွင်းဝန်)၊ Diaconia ECCB မှ အဖွဲ့ဝင်နှစ်ဦး၊ နိုင်ငံတကာစီမံကိန်းရေးရာဌာနမှ အကြီးအကဲ Ms. Petra Nedbalkova ၊ ပြည်သူ့ဆက်သွယ်ရေးနှင့် ရန်ပုံငွေ ရှာဖွေရေးညွှန်ကြားရေးမှူး Mr. Elias Molnar တို့သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ရခိုင်ပြည်နယ် စစ်တွေနှင့် မြောက်ဦးမြို့နယ်များမှ LWF ၏ ရခိုင်ပြည်နယ်စီမံကိန်းဒေသများကို လာရောက် လည်ပတ် ကြည့်ရှုခဲ့ပါသည်။ ထို့ပြင် Diaconia ECCB မှ အဖွဲ့ဝင် နှစ်ဦးမှာ အမေးမြို့နယ်နှင့် ပေါက်တောမြို့နယ်များတွင် Diaconia ECCB Czech က ရန်ပုံငွေ ထောက်ပံ့ပေးထားသော စီမံကိန်းဒေသများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ (၁၀) ရက်နေ့မှ (၁၄) ရက်နေ့အထိ ဆက်လက်သွားရောက်ကာ လေ့လာကြည့်ရှုခဲ့သည်။

သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များမှာ စစ်တွေမြို့နယ်ရှိတောင်ဘုန်းတောကြီး၊ ခေါင်ဒုတ်ခါး-၁၊ ဘာဆာရာ၊ စက်ရုံစု-၁ နှင့် ၃ စခန်း၊ ပေါက်တောမြို့နယ်မှအနောက်ရွာ၊ ဘဝန်ချောင်း၀စု စခန်းတို့တွင် နေထိုင်သူများ၊ ပြီးဘေးအန္တရာယ်ကင်းရှင်းရေး စေတနာ၀န်ထမ်းများ၊ ကျောင်းသားများ၊ ဆရာများ၊ လူမှုအဖွဲ့အစည်းများ (အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ)နှင့်တွေ့ဆုံစကားပြောဆိုခဲ့ပါသည်။ထို့ပြင်အဆိုပါအဖွဲ့မှာ ၂၀၁၆ခုနှစ်က Diaconia ECCB ၏ရန်ပုံငွေဖြင့်တည်ဆောက်ထားသော မြောက်ဦးနှင့် အမ်းမြို့ရှိ အစိုးရစာသင်ကျောင်း (၄) ခုမှ ကျောင်းသားများ၊ ဆရာများ၊ မိဘဆရာအသင်းဝင်များနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များသည် သူတို့၏ လာရောက်လည်ပတ်မှုကာလအတွင်း LWF ဝန်ထမ်းများ၊အစိုးရတာဝန်ရှိသူများ၊ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊အခြားအစိုးရတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပါသည်။ ယာယီစခန်းများတွင် LWF က ပိုပိုးပေးထားသော အများပြည်သူ့ဘဏ္ဍာကြည့်တိုက်များကို ကြည့်ရှုလေ့လာခြင်း၊ အစားအသောက်မဟုတ်သော ထောက်ပံ့စုဝင်းများ ဖြန့်ဝေပေးမှုများအလွန် အကဲဖြတ်ဆန်းစစ်သုံးသပ်မှုပြုလုပ်ရာတွင် ကြေတွေ့ရသော အခက်အခဲများ၊ အခြားအထွေထွေပြဿနာများနှင့် စပ်လျဉ်း၍ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသူများနှင့် ဆွေးနွေးပြောဆိုခဲ့ပါသည်။ သံအမတ်ကြီးနှင့် Diakonie ECCB ကိုယ်စားလှယ်အဖွဲ့၏ အပြည်သဘောဆောင်သည့် မှတ်ချက်များ၊ လမ်းညွှန်မှုများကလည်း မြေပြင်ဆောင်ရွက်မှုများ တိုးတက်လာရေး၊ အဆင့်တိုင်းတွင် အစိုးရအာဏာပိုင်များနှင့် ဆွေးနွေးအသိပေးမှု လုပ်ငန်းများ ပိုမိုဆောင်ရွက်ရေးအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။

ဝန်ထမ်းရေးရာကဏ္ဍ

ရပ်ရွာလူထုနှင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ ခိုင်မာသည့်ဆက်ဆံရေး တည်ဆောက်ခြင်းမှာ စွမ်းဆောင်ရည် မြှင့်တင်ပေးမှု လုပ်ငန်းစဉ်အတွက် အဓိကကျသည့် အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ထိုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အတွက် ရပ်ရွာလူထုစွမ်းဆောင် ရည်မြှင့်တင်ပေးရေး တာဝန်ခံများမှာ စီမံကိန်းကျေးရွာများတွင် နေထိုင်ကာ ရပ်ရွာလူထု၏ နေ့စဉ်ရုန်းကန်ရပ်ရှုမှုများ၊ အဆင်ပြေချောင်မွမှုများကို မျှဝေခံစားကြပါသည်။ ထိုကဲ့သို့ နီးကပ်သည့် ဆက်ဆံရေးမှာစီမံကိန်းကနဦးအဆင့် အတွက် အရေးကြီးပါသည်။ ဝန်ထမ်းများကို အနီးဆုံး နယ်ရပ်များမှ ကျည်ပိုပိုပေးပြီး၊ ပိုပိုကျည်သူများ လိုအပ်သော အုပ်ချုပ်ရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများပြုလုပ်ပေးခြင်းကို ဒေသန္တရအဆင့်တွင် အစိုးရအဖွဲ့များနှင့် အရေးကြီးသော ဆက်ဆံရေး တည်ဆောက်ခြင်းအား ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

ဦးစံသိန်းမောင်
စီမံကိန်းလက်ထောက်မန်နေဂျာ

ကျွန်တော်သည် ၂၀၀၉ ခုနှစ်တွင် LWF မြန်မာ၏ ကျေးလက်စွမ်းဆောင်ရည်မြှင့်တင်ရေးတာဝန်ခံဝန်ထမ်းအဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျေးရွာလူထုနှင့်ပူးပေါင်းလုပ်ဆောင်သော အတွေ့အကြုံများကို ရရှိပြီးနောက် ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအရာရှိ ဖြစ်လာပြီး၊ ၂၀၁၅ ခုနှစ်တွင် စီမံကိန်းညွှန်ကြားရေးမှူး ဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ နှစ်လည်ပိုင်းမှစပြီး စီမံကိန်းလက်ထောက်မန်နေဂျာအဖြစ် LWF မြန်မာ၏ အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့ပါသည်။

လွန်ခဲ့သည့် ၈ နှစ်လုံးလုံး LWF နှင့် လက်တွဲရခြင်း၏ အကြောင်းအရင်းများတွင် အဖွဲ့၏ မျှော်မှန်းချက်၊ ခံယူချက်၊ တန်ဖိုးထားမှုများ၊ ချဉ်းကပ်မှုများနှင့် လက်တွေ့လုပ်ဆောင်မှုများပါဝင်ပါသည်။ LWF အဖွဲ့မှာ ပြည်သူလူထုကို ဦစားပေးပြီး ၎င်းတို့ကို လူ့အခွင့်အရေးအခြေပြု လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးမှုတို့တွင် ပါဝင်စေပါသည်။ ထူးခြားပြီး၊ ရေရည်ကြည့်တတ်သော၊ ရေရည်တည်တံ့သော စီမံကိန်းဆောင်ရွက်မှု နည်းလမ်းက စိတ်လှုပ်ရှားစရာကောင်းပြီး၊ လှုံ့ဆော်မှုဖြစ်စေသည်ဟု ကျွန်ုပ် ခံယူပါသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ၂၀၀၉ ခုနှစ်တွင် LWF မြန်မာသည် မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့တွင် ပြည်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ ကျွန်တော်သည် ရပ်ရွာလူထုနှင့် ၃ နှစ်ကြာလက်ပွန်းတတီးနေခဲ့ပြီးအသက်မွေးဝမ်းကြောင်းမှုအလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေး၊ စီးပွားရေး အခွင့်အလမ်းများ၊ ဝင်ငွေ ရရှိမှုတို့တွင် ၄င်းတို့၏ အခက်အခဲများ စိန်ခေါ်မှုများကို သိရှိခဲ့ရပါသည်။ ထိုနှစ်များအတွင်း ရေရည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး သဘောတရားများ၊ ဦးစီးဆောင်ရွက်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ စီမံကိန်းတစ်ခုလုံးစီမံခန့်ခွဲခြင်း၊ ခေါင်းဆောင်မှု၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးရာသီဥတုဗြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် ပိမိ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်မည်၊ လုထုအား ပြန်လည်မျှဝေနိုင်မည့် အခြားစွမ်းရည်မြှင့်သင်တန်း အများအပြားကို သင်ယူလေ့လာခဲ့ရပါသည်။

၂၀၁၂ ခုနှစ်တွင် ချင်းပြည်နယ်အတွက် စီမံကိန်းအရာရှိအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရပြီး၊ ချင်းပြည်နယ် မင်းတပ်မြို့တွင် ရုံးခန်းဖွင့်ရန်၊ လိုအပ်သည်များကို ဆောင်ရွက်ရန် တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ ရုံးခန်းဖွင့်လှစ်ခြင်း၊ အစိုးရဌာနအမျိုးမျိုး၊ INGO များ၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့မှ တနိုဗိုးမမြတ်နိုင်သော အတွေ့အကြုံကောင်းများကိုလည်း ရရှိခဲ့ပါသည်။ ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ပေးရေး ဦးစီးဆောင်ရွက်သူအဖြစ် လုပ်ကိုင်ခဲ့မှုက ရည်ရွယ်ချက်တူသူများနှင့် အုပ်စုဖွဲ့ဆောင်ရွက်မှု၊ သင်ရိုးများရေးဆွဲခြင်း၊ မင်းတပ်မြို့တွင် ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ပေးမှုဆိုင်ရာ ဦးစီးဆောင်ရွက်သူများ၊ ရွေးချယ်ခန့်ထားရေးအတွက်တစ်လတာ သင်တန်းပေးခြင်း စသည့်လုပ်ငန်းများတွင် ဦးဆောင်သူ အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်စွမ်းကို ရရှိစေခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မင်းတပ်ရုံး၊ စီမံကိန်းညှိနှိုင်းရေးမှူး ဖြစ်လာခဲ့ပြီး၊ ထိုတာဝန်ကို ထမ်းဆောင်နေစဉ် အဖွဲ့၏ မျှော်မှန်းချက်၊ ခံယူချက်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်ပန်းတိုင်များနှင့် ချဉ်းကပ်မှုများကို ကောင်းမွန်စွာ နားလည်နိုင်ရေး အဖွဲ့ကြီးတစ်ခုကို အားကောင်းအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ မုန်ကန်သော လုပ်ငန်းစဉ်နှင့်ရည်ရွယ်ချက်ချမှတ်ခြင်း၊ ရပ်ရွာလူထုအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးမှု လုပ်ငန်းများ ဆောင်ရွက်၍ မိမိတို့၏ အစီအမံများ အောင်မြင်စေရန် အဖွဲ့နှင့်အတူ စီမံနိုင်ခဲ့ပါသည်။ ဆွေးနွေးအကြံပြုခြင်းနှင့် လုပ်ငန်းအမျိုးမျိုးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အစိုးရတာဝန်ရှိသူများနှင့် ကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်မှု၊ ချိတ်ဆက်ဆောင်ရွက်မှုတို့ကို တည်ဆောက်ကာ၊ ရေရည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ထိုနှစ်များအတွင်း ချင်းပြည်နယ်၌ မိမိဝန်ထမ်းများအားလုံး၊ LWF မြန်မာအဖွဲ့နှင့် Human Rights Concepts၊ ဆွေးနွေးအကြံပြုခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အစီရင်ခံခြင်း၊ ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုများကဲ့သို့ပါဝင်ပတ်သက်များအားလုံး၏အသိပညာ၊ ကျွမ်းကျင်မှုနှင့် အပြုအမူများ တိုးတက်ရေးမှာ မိမိ၏ လိုလားမှုဖြစ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်အခြေဖိုက် စီမံကိန်း လက်ထောက်မန်နေဂျာအဖြစ် ရာထူးတိုးခဲ့ပါသည်။ လက်ရှိ ထိုရာထူးတွင် စီမံကိန်းဧရိယာ (၄) ခုရှိ LWF မြန်မာ၏ ပဟာဗျူဟာမြောက် စီမံကိန်းရေးစွဲမှုနှင့်အကောင်အထည်ဖော်မှုတို့ကို မိမိ၏ အတွေ့အကြုံများဖြင့် ကူညီပံ့ပိုးပေးနိုင်သည် သာမက၊ အခြားသူများထံမှ သင်ယူနိုင်မည့် ကြီးမားသော အခွင့်အလမ်းများ ကိုလည်း ရရှိခေါ်ယူပါသည်။ ဝန်ထမ်းအားလုံး၏ သဘောတရားဆိုင်ရာ လစ်ဟာမှုများ (Conceptual Gap) များကို ဖြည့်ဆည်းရာတွင် ကူညီပေးနိုင်မှုနှင့်၊ မိမိတို့၏ စီမံကိန်းများ တာဝန်ခိုင်သမျှ သင့်လျော်ထိရောက်ပြီး လွယ်ကူအောင် မြှင့်တင်ဆောင်ရွက်ရေးတွင် ပံ့ပိုးပေးနိုင်မှုအတွက်လည်း ဟော်ရွှင်မိပါသည်။

မြန်မာလူသားရမ်ဝေါလ် ဖက်ဒရေးရှင်းသည် ကျေးလက်ဒေသများတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုအခွင့်အရေးအခြေပြု နည်းလမ်းများ ချမှတ်ဆောင်ရွက်သည့် တစ်ခုတည်းသော INGO ဖြစ်ပါသည်။ အဖွဲ့၏စီမံကိန်းက ရပ်ရွာလူထုအနေဖြင့် ၎င်းတို့၏အခွင့်အရေးကိုသိရှိရေးတွင် အားကောင်းစေပြီး၊ ရပိုင်ခွင့်များ ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများထံမှ ၎င်းတို့၏ ရပိုင်ခွင့်ကို တောင်းဆိုရာတွင် မိမိကိုယ်ကို ယုံကြည်မှုတိုးတက်လာစေပါသည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု စွမ်းဆောင်ရည်မြှင့်တင်ပေးမှုကိုအာမခံပေးထားသောကြောင့်လူ့အခွင့်အရေး အခြေပြု စွမ်းဆောင်ရည်မြှင့်တင်မှု နည်းလမ်းမှာ အကောင်းဆုံးနည်းလမ်းဟု မိမိက ယုံကြည်ပါသည်။

လူသားရမ်ဝေါလ်ဖက်ဒရေးရှင်းရုံး၏ လုပ်ငန်းခွင်တွင်အလုပ်လုပ်နေသော ဆရာဦးစံသိန်းမောင်အားတွေ့ရစဉ်။ (ယူပိုင် - LWF မြန်မာ/အိုက်ဂက်ကျော်ထွန်းလှ/၂၀၁၆)

မဇကရီထွန်း
Community Empowerment Facilitator

မဇကရီထွန်းမှာ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ဖျာပုံမြို့နယ်ရှိ ရွာ (၃) ရွာအတွက် LWF မြန်မာ၏ ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ပေးရေး ဦးစီးဆောင်ရွက်သူတစ်ဦးအဖြစ်ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကိုရည်မှန်းချက်ကြီးမားစွာလုပ်ကိုင်ဆောင်ရွက်နေပါသည်။

၂၀၀၉ ခုနှစ်က သူမ၏ရွာတွင် ထိုစီမံကိန်း စတင်ကတည်းက သူမမှာ စေတနာ့ဝန်ထမ်းအဖြစ် LWF မြန်မာအတွက် အလုပ်လုပ်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် LWF ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်ထားခြင်းခံခဲ့ရပြီး၊လက်ရှိတွင်သူမတာဝန်ယူထားသည့်ရွာတောင်စုရှမ်းကွင်းနှင့်တန်ကထွဏ်းများတွင်ပြည်သူလူထုစုစုပေါင်းတစ်ထောင်ကျော်အတွက်ရပ်ရွာလူထုစွမ်းဆောင်ရည်မြှင့်တင်ပေးမှု လုပ်ငန်းများကို အောင်မြင်စွာ ကိုင်တွယ် လုပ်ဆောင်နိုင်နေဖြစ်သည်။

သူမကိုယ်တိုင် ကောင်းမှန်စွာ စီမံခန့်ခွဲနိုင်မှုနှင့်ပတ်သက်၍ "ရပ်ရွာလူထုစွမ်းဆောင်ရည်မြှင့်တင်ပေးမှုနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်တဲ့ ကိစ္စတိုင်းမှာ တိုးတက်လာအောင်ဒီရွာသုံးရွာက ရွာသားတွေကို အောင်မြင်စွာ စောင့်ကြည့်စီမံနိုင်တာကြောင့် ကျွန်မကိုယ် ကျွန်မရဲ့ကဏ္ဍပိုင်းတက်မှုတွေကို ရရှိမှာ မဟုတ်ပါဘူး။ နောက်ပြီး LWF ဝန်ထမ်းတစ်ယောက် အနေနဲ့ လေ့လာသင်ယူခွင့် ပိုရလာလို့ ယုံကြည်မှုပိုရှိလာပြီး၊ အခြားမြို့တွေအကြောင်း ပိုသိလာတာကြောင့် ပိုပိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကိုလည်း ချမှတ်လာနိုင်ပါပြီ။ ဒါ့ကြောင့် အခြေအနေကို ပိုပိုကောင်းမွန်အောင် ဆောင်ရွက်လာနိုင်ပါတယ်" ဟု ဖွင့်ဟခဲ့သည်။

သူမ၏အလုပ်တွင် ရေတိုရည်မှန်းချက်ပန်းတိုင်များအကြောင်း မေးမြန်းသည့်အခါတွင် သူမက "ကျွန်မရဲ့ ကိုယ်ပိုင် ခံယူချက်တွေနဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ရည်မှန်းချက်တွေကတော့ အမျိုးသမီးအဖွဲ့တွေဟာ ဘဏ္ဍာရေးနယ်ပယ်က ကိစ္စရပ်တွေ၊ စာရင်းကိုင်လုပ်ငန်းတွေမှာ ယုံကြည်မှုရှိရှိ စီမံခန့်ခွဲလာနိုင်ရေးအတွက် အမျိုးသမီးတွေကို လုပ်နိုင်စွမ်း တိုးတက်အောင် ကြိုးစားဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ရွာကလမ်းတွေကိုလည်း ကောင်းလာအောင် ပြင်ဆင်ပေးချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

သူမမှာ သူမ၏ ရည်မှန်းချက်ပန်းတိုင် အားလုံးကို အောင်မြင်စေရန် ရည်ရွယ်ချက်ကြီးကြီးဖြင့် ကြိုးစားဆောင်ရွက်နေပြီး ဒေသခံတစ်ယောက်ဖြစ်သည့် သူမအနေဖြင့်ထိုရည်မှန်းချက်များမှာ သူမ၏ ပြည်သူထုအတွက် မည်မျှ အရေးကြီးသည်ကိုလည်း သိရှိနေပါသည်။

ဝိမိစီမံခန့်ခွဲသော ကျေးရွာအတွင်း ပြောင်းလဲတိုးတက်လာမှုများလေ့လာရန် မဇကရီထွန်း သွားရောက်ကြပ်မတ်နေစဉ်။ (မူပိုင် - LWF မြန်မာ/အိုက်ဂက်ကျော်ထွန်းလှ/၂၀၁၆)

မခင်သီတာလွင်
သင်တန်းရေးရာအရာရှိ

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျွန်မသည် ရခိုင်ပြည်နယ်ရှိ LWF မြန်မာ စီမံကိန်းအတွက် ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ပထမဆုံးတာဝန်အဖြစ် အမ်းမြို့နယ်တွင် လက်ထောက်ပညာရေးအရာရှိ အဖြစ် စတင်ဆောင်ရွက်ခဲ့ရပါသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့တွင် ကျွန်မသည် သင်တန်းရေးရာအရာရှိအဖြစ် ရာထူးတိုးခြင်း ခံခဲ့ရပါသည်။ ထိုရာထူးတွင် မိမိသည် ဆင်းရဲနွမ်းပါးသူများ၊ ဒေါ်ပ်ခရသူများကို ပံ့ပိုးကူညီရန် အတွက် သင်တန်းသင်ကြားမှုနည်းတမ်းများ၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု သင်ခန်းစာများနှင့် လမ်းညွှန်ချက်များ စသည်တို့ကို ရေးဆွဲရပါသည်။ ထိုလုပ်ငန်းတွင် ရရှိသည့် အတွေ့အကြုံများကြောင့် မိမိ၏ ကျွမ်းကျင်မှုများမှာလည်း တိုးတက်ခဲ့ပါသည်။

ယခုဆိုလျှင် မိမိသည် ယာယီစာသင်ကျောင်း ဆရာများ၊ ကလေးပျော်ကျောင်း၊ကျောင်းပြင်ပပညာရေးဦးစီးဆောင် ရွက်သူများ၊ယာယီစာသင်ကျောင်းမှ မိဘဆရာအဖွဲ့ဝင်များ၊ အစိုးရကျောင်းများရှိ ကလေးသီးသန့် နေရာ ဖန်တီးပေးသူများနှင့် စာသင်ကျောင်း စီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ဝင်များ (SMC) အတွက် သင်တန်းများကိုစီစဉ်ပေးနေရပြီး၊မူလတန်းကြို သင်တန်း၊ စာသင်ကျောင်းအပြေပြေ သဘာဝဘေးအန္တရာယ် လျော့ပါးစေရေး သင်တန်းများ၊ မိဘဆရာအသင်းနှင့် စာသင်ကျောင်း စီမံခန့်ခွဲမှုကော်မတီ လည်ပတ်နိုင်ရေး သင်တန်းများ၊ ယာယီစာသင်ကျောင်းများ၊ ကလေးသီးသန့် စင်တာ စီမံခန့်ခွဲမှုသင်တန်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးဘုနာပြု သင်တန်းများ၊ ကျောင်းပြင်ပပညာရေး ဦးစီးဆောင်ရွက်သူ သင်တန်းများ၊ ကလေးသီးသန့် နေရာများ ဖန်တီးပေးသူ သင်တန်းများကိုလည်း ဆောင်ရွက်ပေးနေရပါသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အမှိုက်သရိုက် စီမံခန့်ခွဲမှုသင်တန်း၊ သင်ကြားရေးနည်းလမ်းများနှင့် သင်ခန်းစာရေးဆွဲရေး သင်တန်းတွင်လည်း ပူးတွဲသင်ကြားပေးသူအဖြစ် ဆောင်ရွက်ပါသည်။ သင်ကြားမှုနှင့် သင်ယူမှု လုပ်ငန်းများတွင် အမျိုးသမီးများ၏ တက်ကြွစွာပါဝင်မှုကမိမိကိုပိုမိုအားတက်စေပါသည်။ ယာယီလွှဲပြောင်းစခန်းများနှင့် အစိုးရကျောင်းများတွင် ပညာရေးအရည်အသွေး မြင့်တက်မှု၏ အရေးအကြီးပုံကို ပြည်သူလူထုနှင့် အစိုးရအာဏာပိုင်များ နားလည်စေရန်မှာ စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ယာယီစခန်းများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကလေးများအတွက် အရည်အသွေးပြည့်မီသည့် ပညာရေးစနစ်တစ်ခု ဖြစ်ပေါ်လာရန်အရာရောက်သည့် ပုံပိုးဆောင်ရွက်မှုနည်းပါးခြင်းကို မြေဖြင့်ရန်အတွက်လည်း အလုပ်ပေးကွာမှုများ၊ စိန်ခေါ်မှုများ ရှိနေဆဲပင် ဖြစ်ပါသည်။

အုန်းတောကြီး (တောင်) ယာယီလွှဲပြောင်းစခန်းတွင် ပြုလုပ်သော ကလေးဖော်မူကြံဆရာမများသင်တန်းတွင် လက်ညှိုးများ၊ လက်ကြောများနှင့် တီထွင်ကြံဆ စက္ကူလေးများ ပြုလုပ်ပုံကို LWF သင်တန်းရေးရာ အရာရှိ ခေါ်ခင်သီတာလွင်မှ သင်ကြားပေးနေစဉ်။
(မုဝိုင် - LWF မြန်မာ/ခင်စန်းဝင်း/၂၀၁၆)

LWF မြန်မာသည် ကယ်ဆယ်ရေးအကူအညီများ၊ ဆွေးနွေးအကြံပေးမှုများကို လူမျိုး၊ ကျား-မ၊ ဘာသာတရား၊ နိုင်ငံရေးခံချက်တို့ကို ပဓာနမထားဘဲ ဆောင်ရွက်ပေးနေမှုကြောင့်၊ ရခိုင်ပြည်နယ်ရှိ ပြည်သူလူထု၏ ထိခိုက်ခံစားရမှုများ လျော့ပါးရေး၊ LWF ၏ပေးပေးဆောင်ရွက်မှုများတွင် တစ်စိတ်တစ်ပိုင်းပါဝင်ရသည့်အတွက် မိမိအနေဖြင့် အလွန်ဂုဏ်ယူမိပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းတစ်ဦးမှာ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို လိုက်လျောညီထွေဖြစ်စေအောင် ဆောင်ရွက်ခြင်း၊ စိတ်ခံစားမှုများကို ဘေးဖယ်ထားခြင်း၊ နိုင်ငံတွင်းစံနှုန်းများ၊ နိုင်ငံတကာ စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းတို့ ရှိရမည်ဟု မိမိက သိရှိပါသည်။ သို့သော်လည်း ထိုအရာများက အလုပ်တွင် မိမိကို အားတက်အောင် လှုံ့ဆော်ပေးသည့် အရာများဖြစ်ပြီး အခက်အခဲများ မဟုတ်ပါ။ အမှန်တကယ်တွင် LWF ၏ မဟာဗျူဟာများ၊ စီမံကိန်းများကို သိရှိနားလည်ခြင်းဖြင့် မိမိမှာ ယုံကြည်မှု ခိုင်မြဲလာပါသည်။ LWF တွင် လုပ်ကိုင်ခြင်းဖြင့် မိမိသည် စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အဆင်သင့်ဖြစ်လာခဲ့ပြီး ပြည်နယ်အတွင်း ပညာရေးကဏ္ဍတွင်ပါဝင်ဆောင်ရွက်နေသူများ/အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည် တိုးတက်လာရေးကို ကူညီချင်စိတ် ဖြစ်ပေါ်လာပါသည်။

လုပ်ငန်းပိုင်းတွင် LWF မြန်မာက ကြုံတွေ့ရသည့် အခက်ခဲများ

LWF မြန်မာသည် အဖွဲ့၏ ၂၀၁၆ ခုနှစ် ရည်ရွယ်ချက်များ၊ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်ဝအောင် ဆောင်ရွက်နိုင်သော်လည်းအောက်ပါ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများစွာကိုရင်ဆိုင်ခဲ့ရပါသည်။

- အင်တာနက်သုံးစွဲနိုင်မှုအကန့်အသတ်ရှိခြင်းက ရုံးချုပ်နှင့် နယ်ခံရုံးများအကြားဆက်သွယ်မှုကိုနှောင့်နှေးစေပါသည်။
- စီမံကိန်းဆောင်ရွက်ပေးနေသော ကျေးရွာများမှာအလွန်ဝေးလံခေါင်သီသော နေရာတွင် တည်ရှိပြီး လမ်းများ မကောင်းမှုကြောင့် ဝန်ထမ်းများဆိုက်ကယ်စီး သွားလာရသည့်အခါတွင်အလွန်အန္တရာယ်ရှိခြင်း၊သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားခြင်းတို့ကို ဖြစ်စေပါသည်။
- အချို့သော စီမံကိန်းဒေသများတွင်ဝန်ထမ်းများနှင့်ဒေသခံလူထုအကြား ဘာသာစကားအခက်အခဲကစီနှစ်ခေါ်မှုတစ်ခုအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။
- အရည်အချင်းပြည့်ဝသောဝန်ထမ်းများအဖွဲ့မှန့်တက်ထွက်သွားသည့်အခါတွင်လည်း လုပ်ငန်း၏စွမ်းဆောင်ရည်ကို ထိခိုက်စေပါသည်။
- ဝန်ထမ်းများ ပုဂ္ဂလိကကဏ္ဍများ သို့မဟုတ် အခြားသောအဖွဲ့များသို့ပြောင်းရွှေ့သွားမှုနှုန်းမှာလည်းမြင့်မားနေပါသည်။
- အချို့သော စီမံကိန်းဧရိယာများမှာ အစိုးရ၏ထိန်းချုပ်မှုအောက်တွင်မရှိဘဲ၊စီမံကိန်းအကောင် အထည်ဖော်ရေးခွင့်ပြုချက်ရယူရန်အတွက်တိုင်းရင်းသားလက်နက်တိုင်အဖွဲ့များနှင့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု လိုအပ်ပါသည်။
- ဝန်ထမ်းများအကြား စိတ်ခံစားမှုနှင့် ဆက်နွယ်နေသည့် စိတ်ဖိစီးမှုက ပဋိပက္ခဖြစ်စွမ်းရာဒေသများ၌အရည်အသွေးပြည့် မီသည့် ဝန် ဆောင်မှုပေးရာတွင် သက်ရောက်မှုရှိပါသည်။
- စီမံကိန်းဆောင်ရွက်သောရွာများ၏ဝေယံခေါင်သီမှုကြောင့်စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့များမှာအချက်အလက်များ၊ သတင်းများကိုရယူရာတွင်အခက်အခဲများကိုလည်းကြုံတွေ့ရပါသည်။

ဆက်သွယ်ရန် >>>

လူသရမ်ဝါလ် ဖက်ဒရေးရှင်း - မြန်မာစီမံကိန်း

ရန်ကန် (ရုံးချုပ်)
အမှတ် (၄၄)၊ ပြည်လမ်း၊ ဘီရှော့ဟုမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၁၁၀၄၁ ၊ စာတိုက်သေတ္တာအမှတ် - ၃၂၉
အီးမေး(လ်) - info.lwf.mmr@gmail.com
ဖက်(စ်) - ၀၁-၃၇၈၀၇၈
ဖုန်း - ၀၁-၃၇၈၀၇၈၊ ၀၉-၇၉ ၃၁၁၃၃၇၁၊
၀၉-၇၉ ၃၁၁၉၉၇၂

စစ်တွေရုံး
အိမ်အမှတ် (၂၇၈)၊ သစ္စာလမ်း၊ စံပြမြောက်ရပ်ကွက်၊
ပြည်တော်သာမြို့နယ်၊ စစ်တွေမြို့။ ရရှိင်ပြည်နယ်။
ဖုန်း - (၀) ၄၃၂-၂၉၂၄

ဘားအံရုံး
အမှတ် - ၆/စ၃၃၊ စိန်စီမြလမ်းနှင့်
ဘုရားလမ်းထောင့်၊ (၆) ရပ်ကွက်၊
ဘားအံမြို့။ ကရင်ပြည်နယ်။
ဖုန်း - ၀၉-၃၁၄၁ ၁၀၃၂

မင်းတပ်ရုံး
အမှတ် (၅၅၂)၊ သခင်အောင်မင်းလမ်း၊
အရှေ့ရပ်ကွက်၊ မင်းတပ်မြို့။ ချင်းပြည်နယ်။
ဖုန်း - ၀၉-၄၉၂၀ စ၃၇၈၊ ၀၉-၄၉၂၇၉၉၃၃၊
၀၉ ၃၆၅၃ ၉၀၁၅~၁၆၊ ၀၇၀ ၇၀ ၃၉၉

မြောက်ဦးရုံး
အမှတ် - ၀၀စ၉၊
လက်ကောက်စျေးရပ်ကွက်၊
လက်ကောက်စျေးအုပ်စု၊
မြောက်ဦးမြို့။ ရခိုင်ပြည်နယ်။

အမ်းရုံး
အမှတ် - ၆၅၊ မင်္ဂလာလမ်း၊
၃ - ရပ်ကွက်၊ အမ်းမြို့။
ရခိုင်ပြည်နယ်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက https://myanmar.lutheranworld.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။